# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၀၇၄)


## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ်စရာ

**လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ** ဆောင်းပါး စာ ၆

**တော်လှန်ရေးလား အကြမ်းဖက်လား ကွဲကွဲပြားပြား ဖြစ်လာပါတော့မယ်** ဆောင်းပါး စာ ၁၀

**ထိုင်းနိုင်ငံရောက် အထောက်အထားရှိနှင့် အထောက်အထားမရှိ မြန်မာလုပ်သားများအကြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီသည့် အခြေအနေမှာ သိသိသာသာကွဲပြားနေ** ပြည်တွင်းသတင်း စာ ၁၆




## ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၂

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Royal Venus ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့မှပေးပို့သည့် အမိုးဒိုင်းသံချောင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## တီမောလက်စ်တေနိုင်ငံသမ္မတ၏ ပြောဆိုချက်များမှာ သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးနှင့် အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျပြီး NUG အငှား သဘောမျိုးဖြစ်သောကြောင့် သမ္မတရေးကျဟု ဝါရင့်နိုင်ငံရေးသမားကြီးက ပြော

ရန်ကုန် ဒီဇင်ဘာ ၁၂

တီမောလက်စ်တေနိုင်ငံသမ္မတ၏ ပြောဆိုချက်များမှာ သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးနှင့်အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျပြီး NUG အငှားသဘောမျိုး ဖြစ်သောကြောင့် သမ္မတရေးကျဟု ဝါရင့်နိုင်ငံရေးသမားကြီးတစ်ဦးဖြစ်သူ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၏ ဦးဆောင်နာယက ဗိုလ်မှူးကြီး ခွန်ဥက္ကာက GNLM ကို ပြောသည်။

မြန်မာ့တပ်မတော်သားများအနေဖြင့် တပ်မတော်လက်အောက်က ထွက်ခွာကြရန် တီမောလက်စ်တေနိုင်ငံသမ္မတ ဟိုဆေးရာမို့စ်ဟော်တာက ဗီဒီယိုမိန့်ခွန်းဖြင့် တိုက်တွန်းခြင်းအပေါ် ၎င်းက အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။ "အစိုးရအချင်းချင်း ဆက်ဆံရေးကို ဖောက်ဖျက်ရာကျတာပေါ့၊ သူတစ်ပါးနိုင်ငံရဲ့ ပြည်တွင်းရေးနဲ့ အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျတာပေါ့။ အကယ်၍ ရိုးရိုးအရပ်သားတစ်ယောက်၊ နိုင်ငံရေးအာဏာမရှိဘူး၊ သမ္မတလည်း မဟုတ်ဘူး၊ ဝန်ကြီးချုပ်လည်းမဟုတ်ဘူး၊ အလွတ်သဘောမျိုး ပြောကြတယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ။ အခုက သူကတာဝန်ရှိတဲ့အစိုးရလည်းဖြစ်တယ်၊ သမ္မတလည်းဖြစ်တယ်။ နိုင်ငံအချင်းချင်း စောင့်ထိန်းရမယ့်ဟာကိုတော့ နားလည်ရမှာပေါ့။ ပြောတာတော့ နည်းနည်းများသွားတယ်လေ။ ဒါကြောင့် သူဒီလို လုပ်ပုံလုပ်နည်းက

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၂

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ MICC -2 ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုနှင်းသဘင်အခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ မိနစ် ၂၀ မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MRTV-HD Channel၊ MRTV News Channel၊၊ MWD-HD Channel ၊ MWD Variety HD Channel ၊ MITV၊ MOI Website၊ MOI Youtube၊ မြန်မာ့အသံရေဒီယိုနှင့် MRTV App: အပါအဝင် Online တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။ **သတင်းစဉ်**

မြန်မာ့အလင်း

# အဆင်ခြင်မဲ့သည့် အငှားပါးစပ်

တီမောသမ္မတ၏ပြောပုံဆိုပေါက်နှင့်လုပ်ရပ်များက ကမ္ဘာ့နိုင်ငံအသီးသီးမှ သမ္မတများအကြားတွင် မတွေ့စဖူး ရှားရှားပါးပါးပင်ဖြစ်သည်။ မြန်မာနိုင်ငံက အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသော NUG ၏ လေသံအတိုင်း ပါးစပ်အငှားလိုက် ပြောကြားခဲ့ခြင်းက ကိုယ့်ထမင်းထုပ်နှင့်ကိုယ် ကြီးတော်နွားအငှားလိုက်ကျောင်းသည်ဆိုသော မြန်မာ့ရိုးရာဟာသစကားပုံကို ပြန်လည်အမှတ်ရစဖွယ်လည်း ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏သမ္မတတာဝန်ကို ယူထားသူတစ်ဦးက အခြားနိုင်ငံမှ အကြမ်းဖက်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးကဲ့သို့ မဆီမဆိုင်ဝင်ရောက်ပြောကြားနေခြင်းသည် သူတစ်ပါး၏ပြည်တွင်းရေးတွင် ဖြောင်ကျကျ ပါဝင်စွက်ဖက်ခြင်းဖြစ်သည့်အပြင် အကြမ်းဖက်အားပေးခြင်းလည်း ဖြစ်သည်။

၂၁ ရာစုရောက်မှ အရှေ့တောင်အာရှတွင် နောက်ဆုံးပေါ်လာသည့် တီမောလက်စ်တေနိုင်ငံငယ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူနိုင်ငံသားများ ဝမ်းဝ၍ ခါးလှစေရေး၊ ကလေးများပညာသင်ကြားရေးနှင့် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းစည်းလုံးညီညွတ်ရေး စသည်ဖြင့် ကိုယ့်ကိုယ်ကိုယ် အာရုံစိုက်ကာ လုပ်စရာကိုင်စရာ အမြောက်အမြားရှိနေသည်။ သို့ရာတွင် သမ္မတတစ်ဦးဖြစ်ပါလျက် ကိုယ့်ပြည်တွင်းရေးထက် သူတစ်ပါးပြည်တွင်းရေးတွင် မိတ်ပျက်ဆွေပျက် ဝင်ရောက်စွက်ဖက်နေခြင်းသည်လည်းကောင်း၊ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခြင်းကြောင့် ကိုယ်ကိုယ်တိုင် မသေရုံတမယ် ခံစားခဲ့ရပါလျက် အမှတ်သည်းခြေကင်းမဲ့စွာ အကြမ်းဖက်အားပေးနေခြင်းသည်လည်းကောင်း ဟိုဆေးရာမို့စ်ဟော်တာ၏ အရည်အချင်း ချို့ယွင်းမှုပြယုဂ်အချို့ ဖြစ်ဖွယ်ရှိသည်။

NUG ဇာတ်ညွှန်းရေးသည့်အတိုင်း တီမောသမ္မတက သရုပ်ဆောင်ကာ အွန်လိုင်းမှတစ်ဆင့် ဟန်တစ်လုံး၊ ပန်တစ်လုံး ထုတ်လွှင့်လိုက်သော ဗီဒီယိုတစ်ပုဒ်ကြောင့် မြန်မာ့တပ်မတော်ကြီး ပြိုကွဲသွားမည်ဟု ယုံကြည်လျှင် ထိုယုံကြည်ချက်သည် လူမှုကွန်ရက်မှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲသူများ ကဲ့သို့ပင် ရယ်စရာအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ခြံစည်းရိုးဖြဲကာ ခိုးဝင်ခဲ့ဖူးရုံမျှနှင့် မြန်မာနိုင်ငံအကြောင်းကို အာရှတွင် မိမိအသိဆုံးဟု တီမောသမ္မတက ကြွားဝါလိုက်ပုံမှာလည်း မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် အခြားမိတ်ဆွေနိုင်ငံများမှ ခေါင်းဆောင်များ၊ အကြီးအကဲများကို အားနာစရာပင်ဖြစ်သည်။ မြန်မာနိုင်ငံအကြောင်းကို အမှန်တကယ်သိမှသာလျှင် မြန်မာနိုင်ငံ၏ အတိတ်သမိုင်း၊ မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေးနှင့် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍတို့ကို မှန်မှန်ကန်ကန်နားလည်နိုင်မည်ဖြစ်သည်။

သမိုင်းကြောင်းအရဆိုလျှင် မြန်မာနိုင်ငံသည်လည်းကောင်း၊ တီမောလက်စ်တေသည်လည်းကောင်း အင်အားကြီးအနောက်နိုင်ငံတို့၏ ကျူးကျော်နယ်ချဲ့အုပ်စိုးမှုတို့ကို ခံစားခဲ့ကြရသည်။ တီမောလက်စ်တေဆိုလျှင် နှစ်ပေါင်းလေးရာခန့် သူတစ်ပါးလက်အောက်တွင် နေထိုင်ခဲ့ရခြင်းဖြစ်သည့်အတွက် လက်အောက်ခံကိုလိုနီဘဝခါးသီးမှုကို ပို၍ပင် နားလည်နိုင်မည်ဖြစ်သည်။ လွတ်လပ်ရေးရသည့်အခါ နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည့်အကျိုးဆက်များက ယခုတိုင် မပြီးဆုံးနိုင်သေး။ နယ်ချဲ့ဝါဒ၏ပုံစံသစ်အရ မျက်မှောက်ကမ္ဘာတွင် နိုင်ငံငယ်များမှာ အင်အားကြီးနိုင်ငံတို့၏ နည်းအမျိုးမျိုးဖြင့် ဩဇာခံအဖြစ် လွှမ်းမိုးသိမ်းသွင်းမှုများကို ခုခံတွန်းလှန်နေကြရသည်။ နိုင်ငံမပြိုကွဲအောင်၊ မပျက်စီးအောင် ပြည်တွင်းစည်းလုံးညီညွတ်မှုကို အနှောင့်အယှက်များကြားမှ တည်ဆောက်ကြရသည်။

မြန်မာနိုင်ငံအတွက် မြန်မာ့တပ်မတော်သည် ပြိုကွဲသွား၍မရ။ လက်ရှိမြန်မာနိုင်ငံ၏အခြေအနေတွင် ပြည်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်မတော်အင်အား ခိုင်မာတောင့်တင်းမှုတို့ ပို၍ပင် လိုအပ်သည်ကို မြန်မာပြည်သူအားလုံးက သိရှိနားလည်ထားကြသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ဖြင့် အစိုးရအဆက်ဆက် မိတ်ဝတ်မပျက် ဆက်ဆံနေသောနိုင်ငံဖြစ်သည်။ တီမောလက်စ်တေအစိုးရ၏ ဆင်ခြင်တုံတရားမဲ့သည့်လုပ်ရပ်များ အကြိမ်ကြိမ်ပြုလုပ်မှုကြောင့် မလွှဲသာမရှောင်သာ သံတမန်ဆက်ဆံမှုဖြတ်တောက်ခဲ့ရသည်။ ယခုလည်း တီမောသမ္မတ၏ ပါးစပ်အငှားလိုက်ပြောကြားမှုများက အကြမ်းဖက်သမားလေသံပေါက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့်အကြမ်းဖက်လုပ်ရပ်များအပေါ် အမေရိကန်အစိုးရကျောထောက်နောက်ခံပြုအဖွဲ့အစည်းကလည်း ကိန်းဂဏန်းအထောက်အထားဖြင့် ထုတ်ပြန်လိုက်ပြီဖြစ်ရာ တီမောသမ္မတ၏အပြောအဆို အပြုအမူတို့က အကြမ်းဖက်မှတ်တမ်းဝင်ဖွယ်ရာဖြစ်သည်ဟု ယူဆမိပါကြောင်း။ ။




## ကရင်ပြည်နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်

**ဘားအံ ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ဦးစားပေးအလိုက်စိစစ်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)၌ကျင်းပသည်။**(အောက်ပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ပြည်နယ်အဆင့်ဌာန/ အဖွဲ့အစည်းများက ရေးဆွဲအဆိုပြုခဲ့ပြီး ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်နယ်၏ ဦးစားပေး မူဝါဒများအပေါ်မူတည်၍ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိစေရေး စိစစ်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ MSME စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ကာ ပြည်သူ့အတွက် အရေးတကြီးလိုအပ်သည့်အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန် အထောက်အကူပြုသည့် အသုံးစရိတ်များနှင့် ပြည်နယ်စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအနေဖြင့် ထည့်သွင်းလျာထားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က အဆိုပြု တင်ပြထားသည့် လုပ်ငန်းစီမံကိန်းများသည် ပြည်နယ်၏ ဒေသန္တရစီမံကိန်းနှင့် ဒေသန္တရ ငါးနှစ်စီမံကိန်းလုပ်ငန်းစဉ်များကို အထောက်အကူပြုပြီး စီမံကိန်းကာလအတွင်း ဖြစ်နိုင်စွမ်းရှိသည့် လုပ်ငန်းများကိုသာ ဦးစားပေး ထည့်သွင်းလျာထား ဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံကိန်းမှူး ဦးချစ်ဝေက ပြည်နယ်အဆင့်ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း လျာထားပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၉၉၃၈၀ ဒသမ ၃၁၂ သန်းဖြင့် ဆောင်ရွက်မည့် အဆိုပြုချက် (အကျဉ်းချုပ်)ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ဌာနများအလိုက် လုပ်ငန်းစီမံကိန်း အဆိုပြုချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စင်ကာပူရောက် မြန်မာနိုင်ငံသားများအနေဖြင့် ဝင်ငွေခွန်ပေးဆောင်ပြီး ပြေစာပြမှသာ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

စင်ကာပူနိုင်ငံရောက်မြန်မာနိုင်ငံသားများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်ကစတင်ကာ ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပြီး ဝင်ငွေခွန်ပေးဆောင်ပြီး ပြေစာအထောက်အထားများပြနိုင်မှသာ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

ပြည်ပနေ မြန်မာနိုင်ငံသားများ၏ ပြည်ပတွင်ရရှိသည့် လစာဝင်ငွေအပေါ် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ဝင်ငွေခွန်များ ပေးဆောင်ရမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်၍ စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ အနေဖြင့် ယနေ့(ဒီဇင်ဘာ ၁၂ ရက်)မှ စတင်၍ ဝင်ငွေခွန်များ ပေးဆောင်ရမည်ဖြစ်ကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၁၂ ရက်မှ စတင်၍ ဝင်ငွေခွန်များ ပေးဆောင်ရမည်ဖြစ်ပြီး အောက်တိုဘာလမှ လာရောက်ဆောင်ရွက်သည့် ကာလအထိ ဝင်ငွေခွန် ပေးဆောင်ပြီးမှသာ မြန်မာသံရုံး စင်ကာပူမြို့တွင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ခြင်းနှင့် ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခွန်များ ကောက်ခံမည့် လစဉ်နှုန်းထားများအား နေထိုင်ခွင့်အမျိုးအစားများပေါ်မူတည်၍ သတ်မှတ်နှုန်းထားအပေါ် ၂ ရာခိုင်နှုန်း အခွန်ပေးဆောင်ရမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

“အခွန်ဆောင် ပြေစာပြပြီးရင် သက်တမ်းတိုးရမှာပါ။ နိုင်ငံရဲ့ အခွန်ဆိုတာ ကမ္ဘာ့နိုင်ငံတိုင်း ဆောင်နေရတာပဲလေ” ဟု စင်ကာပူရောက် မြန်မာအလုပ်သမားတစ်ဦးက ပြောသည်။

Student Pass ကိုင်ဆောင်ထားသူများသည် လက်ရှိကျောင်းတက်ရောက်နေသည့် ကျောင်းထောက်ခံစာများတင်ပြလျှင် ဝင်ငွေခွန်ပေးဆောင်ခြင်း ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်းလည်း သံရုံးက အသိပေးထားသည်။ **သစ်တော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဟသ်ာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသော ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကား ပြောကြားသည်။




**ချိတ်ဆက်အသုံးပြုဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သော သင်တန်းတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၏ အပိုင်းသုံးခုဖြစ်သည့် ဘေးမဖြစ်မီဆောင်ရွက်ရမည့်အစီအမံများ၊ ဘေးဖြစ်နေစဉ်တုံ့ပြန်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ၊ ဘေးဖြစ်ပြီးနောက် လုပ်ဆောင်ရမည့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးအစီအစဉ်များ စသည့် ကာလအပိုင်းအလိုက် ဆောင်ရွက်ရန်များအပြင် အခြားဗဟုသုတဖြစ်စေနိုင်မည့် ဘေးအန္တရာယ်နှင့် ဆက်စပ်သည့် အကြောင်းအရာများကို လေ့လာကြရမည်ဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း မိမိတို့၏အတွေ့အကြုံများနှင့်ပေါင်းစပ်၍ အချင်းချင်းဆွေးနွေးခြင်း၊ ပူးပေါင်းလုပ်ဆောင်ကြခြင်းတို့ဖြင့် သင်တန်းကာလအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးပြုပြီး အတွေ့အကြုံဗဟုသုတများ ရယူကြရန်နှင့် ရရှိသည့် အသိပညာဗဟုသုတများကို ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၌ မိမိတို့၏ ပင်မတာဝန်များနှင့် ချိတ်ဆက်အသုံးပြု ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအရေးစွက်ဖက်သော အရှေ့တီမောသမ္မတအနေဖြင့် မြန်မာနိုင်ငံ၏သမိုင်းကို ဦးစွာသိအောင် ပြုလုပ်သင့်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အရှေ့တီမောသမ္မတ၏ မြန်မာ့အရေး ပြောကြားချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏သမိုင်းကို ဦးစွာသိအောင်ပြုလုပ်သင့်ကြောင်း နိုင်ငံရေးသုံးသပ်လေ့လာသူတစ်ဦးက တုံ့ပြန်ပြောကြားလိုက်ကာ တီမောသမ္မတ၏ မြန်မာ့အရေး စွက်ဖက်မှုနှင့်ပတ်သက်၍ လက်မခံကြောင်း နိုင်ငံရေးနယ်ပယ်မှ ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ တပ်မတော်သားများကို တိုက်တွန်းသည်ဟုဆိုကာ အရှေ့တီမောနိုင်ငံ၏သမ္မတ ဟိုဆေး ရာမို့စ်ဟော်တာ က ပြောကြားလိုက်သည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးသုံးသပ်လေ့လာသူတစ်ဦးက အထက်ပါအတိုင်း မြန်မာ့အရေးကိုလေ့လာရန် ပြောကြားခဲ့ခြင်းဖြစ်ပြီး အခြားနိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များကလည်း လက်မခံကြောင်း တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံအကြောင်းကို ပြောချင်ရင် မြန်မာနိုင်ငံရဲ့သမိုင်းကို အရင်ဆုံးသိအောင် လုပ်ပါလို့ ပြောချင်ပါတယ်။ သမိုင်းကြောင်းကိုမသိဘဲ ဝေဖန်တယ်ဆိုရင် ဒါက ဝေဖန်တာနဲ့မတူဘဲ တစ်ခါတစ်ရံကျတော့ လေကန်တာမျိုး ဖြစ်သွားတတ်တယ်။ လေကန်တယ်ဆိုတာမျိုးက အထောက်အထားပြရမယ့် အရာတွေ၊ ကိုးကားရမယ့်အရာတွေ မသိဘဲနဲ့ ပြောတာမျိုးကို လေကန်တယ်လို့ ပြောကြားတာပေါ့" ဟု အထက်ပါ နိုင်ငံရေးသုံးသပ်လေ့လာသူက ဆိုသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲကာလအတွင်းက နှစ်ခါမက သုံးခါအထိ မဲပေးခွင့်ရခဲ့သူများပင် ရှိခဲ့ကာ ထိုသို့ဖြစ်စဉ်မျိုးသည် အောက်ခြေကပင် ဖြစ်သည်ဖြစ်စေ ခေါင်းဆောင်ကသာ ဖြေရှင်းရပြီး အဆိုပါဖြစ်စဉ်မျိုးကို တီမောသမ္မတအနေဖြင့် သိရှိနားလည်ထားမည်ဟု မထင်ကြောင်း ၎င်းက ဆိုသည်။

"တစ်ခုလောက်မေးစမ်းပါရစေ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှာအာဏာထိန်းပြီးကတည်းက ဒီနေ့အထိ သံရုံးတွေ တံခါးပိတ်ပြီး မြန်မာနိုင်ငံက ပြန်သွားတာ ဘယ်နှနိုင်ငံ ရှိပါသလဲခင်ဗျာ။ တီမောသမ္မတကြီးခင်ဗျာ။ မြန်မာနိုင်ငံသံရုံးတွေကို ဘယ်နိုင်ငံက တံခါးပိတ်ပြီး မင်းတို့ပြန်တော့လို့ ပြောတာရှိပါသလဲခင်ဗျာ။ တပ်မတော်ကို ခွဲတာက တိုင်းပြည်ကို ခွဲတာနဲ့အတူတူ ဖြစ်ပါတယ်။ မြောက်ဗီယက်နမ်၊ တောင်ဗီယက်နမ် ကွဲသွားခဲ့ဖူးပါတယ်။ တောင်ကိုရီးယား၊ မြောက်ကိုရီးယား ကွဲသွားခဲ့ပါတယ်။ ဗီယက်နမ်က ပေါင်းပေမယ့် ကိုရီးယားကတော့ ကွဲမြဲပါ။ ဒီလိုမျိုးတွေမဖြစ်ဖို့ ဝိုင်းဝန်းထိန်းသိမ်းပြီး ဘိုးဘွားအစဉ်အဆက် တည်ရှိတဲ့ နယ်နိမိတ်တွေက ဆက်တည်ရှိပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံဟာ ပြည်တွင်းရေးကို ဝင်မစွက်ဖက်ဘဲ ဖေးမကူညီခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်" ဟု အထက်ပါသုံးသပ်လေ့လာသူက ဆိုသည်။

တီမောနိုင်ငံအနေဖြင့် နိုင်ငံငယ်သာဖြစ်ပြီး အနောက်အုပ်စုနိုင်ငံမှ ပိုက်ဆံရရှိရန်အတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ပြောနေခြင်းသာဖြစ်ကာ တီမောသမ္မတက ပြောသည့်အတွက် တပ်မတော်သည် ပြိုကွဲသွားမည်မဟုတ်၊ ရှုံးသွားမည်မဟုတ်ကြောင်း မြန်မာ့နိုင်ငံအရေး သုံးသပ်လေ့လာသူတစ်ဦးဖြစ်သည့် ဦးဘိုဘိုကျော်ငြိမ်းက ဆိုသည်။

"ကျွန်တော်ကတော့ တီမောသမ္မတ ပြောလည်း သူပြောနေတာ အလကားသက်သက်ပဲ။ ဘာမှမဖြစ်ဘူး။ တီမောသမ္မတက ဘာပြောလို့ ညာပြောလို့ဆိုတာ စိတ်မပူပါဘူး။ လေကုန်တာပဲ ရှိပါတယ်" ဟု ၎င်းက ဆိုသည်။

တီမောသမ္မတ၏ ပြောကြားချက်သည် နိုင်ငံရေး မျက်နှာစာတွင် ထင်ပေါ်စေရန်အတွက် လုပ်ဆောင်ခြင်းဟုသာ ရှုမြင်မိကြောင်းနှင့် တီမောသမ္မတ ပြောကြားချက်ကို ငြင်းဆိုလိုကြောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေက သုံးသပ်ပြောကြားသည်။

"သူတို့ကိုယ်သူတို့ Role တင်တယ်လို့ ကျွန်တော်ကတော့ မြင်တယ်။ စွက်ဖက်တာကတော့ ကမ္ဘာ့နိုင်ငံကြီးတွေကလည်း စွက်ဖက်နေတာပဲ။ ပြောချင်တာက ကျွန်တော်တို့က ဖွဲ့စည်းပုံအတိုင်း သွားနေတာကို ဘယ်နိုင်ငံကမှ Mother law ကို စွက်ဖက်လို့မရဘူး" ဟု ၎င်းက ဆိုသည်။

**ထက်ဦးမောင်**

❖ *ရှေ့ဖုံးမှ*

အနည်းဆုံးသူပြောရမှာက အာဆီယံမူလောက်ကို ထောက်ခံတယ်။ အာဆီယံ မူလောက်ကို လိုက်လုပ်ပေးဖို့ လိုတယ်လောက် တိုက်တွန်းရင်တော်သေးတယ်လေ။ အခုကတော့ ရဲဘော်တွေအားလုံး လက်နက်ချကြ၊ ဘာလုပ်ကြဆိုတော့ သူက NUG အစိုးရအဖွဲ့ဝင် တစ်ယောက်လို ပြောသလို ဖြစ်နေတယ်။ သူ့ကိုယ်သူ ဈေးချသလိုဖြစ်တယ်။ NUG အငှားဘက်က ပြောသလို ဖြစ်သွားတော့ သူ့ခမျာလည်း နိုင်ငံအကြီးအကဲ သိက္ခာကျတာပေါ့။ ဘယ်ဘက်ရှုထောင့်ကပဲ ကြည့်ကြည့် မဖြစ်သင့်တဲ့ဟာပါ " ဟု ၎င်းက ပြောသည်။ ပြည်ပြေးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော NUG ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။

သို့သော်လည်း တီမောလက်စ်တေနိုင်ငံအစိုးရအနေဖြင့် NUG နှင့်တွေ့ဆုံခဲ့သောကြောင့် တီမောလက်စ်တေနိုင်ငံ၏ တာဝန်မဲ့လုပ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံရှိ တီမောလက်စ်တေသံရုံးတာဝန်ခံကို မြန်မာနိုင်ငံအတွင်းက ထွက်ခွာသွားရန် ပြီးခဲ့သည့် ဩဂုတ်လ ၂၇ ရက်နေ့က အစိုးရက စက်တင်ဘာလ ၁ ရက်ထက် နောက်မကျစေဘဲ မြန်မာနိုင်ငံကထွက်ခွာသွားရန်အမိန့်ထုတ်ခဲ့သည်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း တီမောလက်စ်တေနိုင်ငံသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ကျူးလွန်ရန် အကြမ်းဖက်အုပ်စုကို တိုက်တွန်းအားပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

"သူက အလံဖြူထောင်ဖို့ သဘောမျိုးသက်ရောက်တဲ့ စကားကို အခုလို ပြောဆိုတာဟာ တကယ့်အကြမ်းဖက်အစစ်ဖြစ်သွားပြီ။ တကယ်လို့သာ အာဆီယံမှာ သူလေ့လာသူအဖြစ် တက်ခဲ့တယ်ဆိုရင် သူ့ကို ကန့်ကွက်လို့ရတယ်။ အခုလို ပြောဆိုလိုက်တာကြောင့် အာဆီယံမှာ မှတ်တမ်းဝင်ဖြစ်သွားပြီ။ သမိုင်းမှာ အကြမ်းဖက်ဆိုတာ မှတ်တမ်းဝင်သွားပြီ။ တီမောဆိုတာ ပထဝီအနေအထားအရ မြန်မာနိုင်ငံနဲ့ ဆက်စပ်မှု မရှိတဲ့နိုင်ငံပါ။ နိုင်ငံသေးသေးလေးပါ။ တကယ့်ကို မြေမျက်နှာပြင် မဆက်စပ်တဲ့၊ ဘာသာအယူအဆလည်း မတူတဲ့ နိုင်ငံပါ၊ အာဆီယံနိုင်ငံတွေထဲမှာ အဖွဲ့ဝင်နိုင်ငံတောင် မဖြစ်သေးဘူး။ ဒါက အားလုံးဝိုင်းပြီး ကန့်ကွက်သင့်တယ်" ဟု လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ဖူးသူတစ်ဦးက ပြောသည်။ တီမောလက်စ်တေနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် မျှော်လင့်နေသောနိုင်ငံဖြစ်သည်။

◆ **By Myo Khine**

❒ *ရှေ့ဖုံးမှ*

(Lip Channel) တန် ၁၀၀၊ သံချောင်းလုံး ၆၂၀ ဒသမ ၅၄ တန်၊ ၁၀ ပေ ခေါင်းအုပ်သွပ်ချပ် ၁၇၇၀၀၊ ထရန်စဖော်မာ လေးလုံး၊ ဘီလပ်မြေဖျော်စက် လေးလုံး၊ အမိုးချိတ်ချောင်း ၁၅၀၀၀၀ နှင့် သစ်ခွဲသား ၁၆၄၀ ဒသမ ၀၉ တန် စုစုပေါင်းတန်ချိန် ၂၄၁၄ ဒသမ ၁၄ တန် တင်ဆောင်၍ ယနေ့မွန်းလွဲ ၂ နာရီတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# Myanmar Digital News အမည်ဖြင့် Online Digital Newspaper & News Portal Services လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းလှူဒါန်းပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၁၂**

Myanmar Digital News အမည်ဖြင့် Online Digital Newspaper & News Portal Services လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းလှူဒါန်း ပေးအပ်ခြင်း အခမ်းအနားကိုယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Megalink Advanced Technologies Co.,Ltd (MAT)မှ တာဝန်ရှိသူများ၊ Myanmar Digital News မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

**နေရာအနှံ့ ခရီးဆန့်နေပြီဖြစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်း၌ သိပ္ပံနှင့် သတင်းအချက်အလက် နည်းပညာ တစ်ဟုန်ထိုး တိုးတက်လာခြင်းကြောင့် ကမ္ဘာအရပ်ရပ်မှ သတင်းများသည် အချိန်မဆိုင်းဘဲ နေရာအနှံ့ ခရီးဆန့်နေပြီ ဖြစ်ပါကြောင်း၊ ထိုအထဲမှ မီဒီယာကျင့်ဝတ် စည်းကမ်းများကို လိုက်နာမှုရှိသည့် အွန်လိုင်းမီဒီယာများရှိသကဲ့သို့ မီဒီယာကျင့်ဝတ် စည်းကမ်းလိုက်နာမှု မရှိသော အွန်လိုင်းမီဒီယာများက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တင်းမာမှုများဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သတင်းတုများ၊ ဝါဒဖြန့်မှုများကို ပြုလုပ်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

**စတင်မိတ်ဆက်ထုတ်လွှင့်နိုင်ခဲ့**

ထို သတင်းတုနှင့် ဝါဒဖြန့်မှုအန္တရာယ်များကို မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သတင်းသမားများ၊ သတင်းမီဒီယာအများစုနှင့် အွန်လိုင်းသုံးစွဲသူများ၏ ဖော်ထုတ်နိုင်မှုစွမ်းရည်အားနည်းနေချိန်တွင် နိုင်ငံသားများ သတင်းအချက်အလက်များကို လျင်မြန်စွာ သိရှိစေရန်နှင့် ကမ္ဘာ့အရပ်ရပ်ကပါ မြန်မာနိုင်ငံ၏ ဖြစ်ပေါ် ပြောင်းလဲတိုးတက်နေသည့် သတင်းအချက်အလက်အမှန်များကို သိရှိစေရန် Myanmar Digital News အမည်ဖြင့် အွန်လိုင်းမီဒီယာ တစ်ခုကို ၁၁-၁-၂၀၁၈ ရက်နေ့တွင် စတင်မိတ်ဆက် ထုတ်လွှင့်နိုင်ခဲ့ပါကြောင်း။

Myanmar Digital News (MDN)အမည်ဖြင့် မိုဘိုင်းအက်ပလီကေးရှင်း Digital Newspaper အဖြစ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှနေ့စဉ်ထုတ်ဝေနေသော နိုင်ငံပိုင် သတင်းစာသုံးစောင်ကို နေ့စဉ် နံနက် ၆ နာရီဆိုသည်နှင့် အွန်လိုင်းမှ ဖတ်ရှုနိုင်နေပြီဖြစ်ပြီး MDN ၏ News Portal မှလည်း ပြည်တွင်း/ ပြည်ပ နောက်ဆုံးရ သတင်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အတွေးအမြင်များ၊ တိုင်းရင်းသားရေးရာနှင့် မိန့်ခွန်း စသည်တို့ကို ကဏ္ဍခွဲ၍ စုံလင်စွာ ဖတ်ရှုလေ့လာနိုင်သည်ကို တွေ့ရပါကြောင်း။

ယခုလို MDN ၏ သတင်းစီးဆင်းမှု အရှိန်ရနေစဉ်တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် ကုမ္ပဏီက မမျှော်မှန်းနိုင်သည့် အချို့ကန့်သတ်ချက်များကြောင့် ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိလာသည့်အတွက် ပူးပေါင်းဆောင်ရွက်မှုကို ရပ်နားပြီး လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းလှူဒါန်းပေးအပ်သွားမည် ဖြစ်သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

တစ်ဆက်တည်းမှာပဲ MDN အနေဖြင့်လည်း ယခုမှစပြီး ကိုယ်လမ်းကိုယ့်ထွင် ကိုယ်တိုင်ဦးဆောင် ကိုယ့်မော်ကွန်း ကိုယ်ရေးထိုးရန် အောင်မြင်အောင် လျှောက်လှမ်းရမည့် အွန်လိုင်းမီဒီယာခရီးလမ်းမှာ အမှားအယွင်းနည်းပါးစွာဖြင့် အောင်မြင်ပါစေ၊ ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်အပေါ်ကိုလည်း အတတ်နိုင်ဆုံး၊ အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် Megalink Advanced Technologies Co.,Ltd (MAT) မှ တာဝန်ရှိသူတစ်ဦးက ယနေ့ လှူဒါန်းလွှဲပြောင်းပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် Megalink Advanced Technologies Co.,Ltd (MAT) မှ တာဝန်ရှိသူများက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးထံ Online Digital Newspaper & News Portal Services လုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက Megalink Advanced Technologies Co.,Ltd (MAT) မှ တာဝန်ရှိသူများထံ ဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)ရှိ မြို့နယ်များ၌ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေး

**သာယာဝတီ ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) မြို့နယ်များသို့ ဒီဇင်ဘာ ၁၀ ရက်က သွားရောက်ပြီး သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြို့ပင်ကောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ပသွင်းကုန်လျှော့ချပြီး စားသုံးဆီဖူလုံရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်ရေးအတွက် တောင်သူများအနေဖြင့် မြေပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းများကို ပန်းတိုင်အထွက်နှုန်း ပြည့်မီစေအောင် မျိုး၊ မြေ၊ ရေ၊ နည်းပြောင်းလဲ၍ဒေသတွင်း စားရေရိက္ခာဖူလုံပိုလျှံနိုင်ရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက မြေပဲ၊ မတ်ပဲနှင့် ပဲတီစိမ်း အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို တောင်သူများအား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်ဖိုမြို့နယ် သမန်းကုန်းကျေးရွာအုပ်စုရှိ ပဲတီစိမ်းမျိုးယှဉ်ပြိုင်ကွက် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် မင်းလှမြို့နယ် ကိုင်းပြင်ကြီးကျေးရွာအုပ်စု၌ အတန်းလိုက်မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးထားရှိသည့် ပဲတီစိမ်းမျိုး ယှဉ်ပြိုင်စံပြကွက်များကို ကြည့်ရှုပြီး ပဲတီစိမ်းစတင်စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းချိန်အထိ ဒေသခံတောင်သူများအားခေါ်ယူ၍ ယှဉ်ပြိုင်စံပြကွက်များတွင် အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ ဒေသတွင်း စိုက်ပျိုးသည့် ဆောင်းသီးနှံများအတွက် မျိုးလိုအပ်ချက်များ ဖြည့်တင်းပေးနိုင်ရေး တောင်သူပူးပေါင်းပါဝင်သည့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ ဖော်ဆောင်ပေးရန်နှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



ပဲတီစိမ်းမျိုးစေ့ချ စိုက်ပျိုးထားမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုစဉ်။

❖ *ကျောက်ဖုံးမှ*

၁၁-၁၂-၂၀၂၃ ရက်နေ့တွင် 92 Ron ဂါလန် (ခြောက်သိန်းကျော်)၊ 95 Ron ဂါလန် (လေးသိန်းခန့်)၊ ဒီဇယ်ဆီ ဂါလန် (လေးသိန်းကျော်)၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ငါးသိန်းကျော် စုစုပေါင်း စက်သုံးဆီ ဂါလန် (၂သန်းခန့်) ဖြန့်ဖြူးခဲ့သဖြင့် ယခင်ထက် (၃)ဆခန့် ပိုမိုဖြန့်ဖြူးပေးခဲ့သော်လည်း အမှန်တကယ် ပုံမှန်အသုံးပြုရန် လိုအပ်သည့် ပြည်သူများအနေဖြင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများအပါအဝင် လုပ်ငန်းဆောင်တာအရေးတကြီးဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် လိုအပ်သည့် စက်သုံးဆီများကို ယနေ့အထိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် တန်းစီဝယ်ယူနေရကြောင်း တွေ့ရှိရသည်။

လက်ရှိပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ မှာယူထားသည့် စက်သုံးဆီများ စဉ်ဆက်မပြတ် ဆက်လက်ဝင်ရောက်နေမှုကြောင့် နိုင်ငံတော်အတွင်း စက်သုံးဆီပြတ်လပ်နိုင်သည့် အခြေအနေမရှိသဖြင့် အများပြည်သူအနေဖြင့် စိုးရိမ်စရာမလိုဘဲ စက်သုံးဆီများကို မိမိတို့လိုအပ်သလောက် စိတ်အေးချမ်းသာစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

စက်သုံးဆီအမှန်တကယ်လိုအပ်သည့် အများပြည်သူများ လွယ်ကူလျင်မြန် အချိန်ကုန်သက်သာစွာဖြင့် လိုအပ်သည့် မည်သည့်စက်သုံးဆီအမျိုးအစားကိုမဆို နေရာမရွေး၊ အချိန်မရွေး ပုံမှန်လိုအပ်သည့် ပမာဏအတိုင်း ဝယ်ယူရရှိနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိသည့်အပြင် စက်သုံးဆီအရောင်းဆိုင်များတွင် အကြိမ်ကြိမ် တန်းစီဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချမှုများနှင့် တရားမဝင်သိုလှောင်ရောင်းချခြင်းများကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ ဆောင်ရွက်မှုများကို တွေ့ရှိပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ သတင်းပို့တိုင်ကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ မေတ္တာရပ်ခံနှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင် အောင်စစ်သည်များအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၂

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင် အောင်စစ်သည် များအတွက် စေတနာရှင် အလှူရှင် ပြည်သူအများက အလှူငွေများ ပေးအပ်လှူဒါန်းလျက် ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ လက်ခံရယူခဲ့ပြီး (ဓာတ်ပုံ) တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် အောင်စစ်သည်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများအတွက် အစားအသောက်ဆိုင်ရာ အခြေခံဝန်ဆောင်မှု သင်တန်းဖွင့်

မကွေး ဒီဇင်ဘာ ၁၂

မကွေးတိုင်းဒေသကြီးမှ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများအတွက် အစားအသောက်ဆိုင်ရာ အခြေခံဝန်ဆောင်မှု သင်တန်းဖွင့်ပွဲကို မကွေးမြို့ရှိ ဝင်းဟိုတယ်၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

သင်တန်းတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက မကွေးတိုင်းဒေသကြီးသို့ ၂၀၂၃ ခုနှစ်အတွင်း နိုဝင်ဘာလအထိ ခရီးသွားဧည့်သည် ဝင်ရောက်မှု အနေဖြင့် ၁၆၅၆၉၆၃ ဦး ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄၈ ရာခိုင်နှုန်း တိုးတက်သည်ကို တွေ့ရကြောင်း၊ ခရီးသွားဧည့်သည် တိုးတက်လာသည်နှင့် အမျှ တည်းခိုနေထိုင်ရေး၊ အစားအသောက်၊ လည်ပတ်စရာနေရာများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ လက်ဆောင်ပစ္စည်း လုပ်ငန်းများမှာလည်း ဈေးကွက်ကျယ်ပြန့်လာပါကြောင်း၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှု အရည်အသွေး မြင့်မားခြင်းသည်လည်း အရေးပါသည့်အတွက် ယခုလို သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ F&B service တွင် သန့်ရှင်းမှု၊ အစားအစာထားရှိမှု၊ ကိုင်တွယ်မှု၊ နည်းစနစ်တကျ ဧည့်ခံကျွေးမွေးမှုတို့သည် အရေးကြီးကြောင်း၊ ယခု သင်တန်းတွင် အတွေ့အကြုံပြည့်ဝသည့် ဆရာများက သင်ကြားမည်ဖြစ်၍ သင်တန်းသား သင်တန်းသူများအနေဖြင့် ဝန်ဆောင်မှုများနှင့် ကျင့်ဝတ်များကို ဂရုတစိုက် ကြိုးစားသင်ယူပြီး လုပ်ငန်းခွင်တွင် လက်တွေ့ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ထက်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းနည်းပြ ဦးအောင်ကျော်သူက သင်တန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး စီးပွားရေးရာဝန်ကြီးက သင်တန်းအတွက် သင်ရိုးညွှန်းတမ်းစာအုပ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မကွေးမြို့ပေါ်ရှိ ဟိုတယ်နှင့်စားသောက်ဆိုင်များမှ သင်တန်းသား သင်တန်းသူ ၄၀ အား သင်တန်းနည်းပြတစ်ဦးက ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများအတွက် အစားအသောက်ဆိုင်ရာ လုပ်ငန်းများကို ဒီဇင်ဘာ ၁၇ ရက်အထိ တစ်ပတ် ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**အောင်ကို (ပြန်/ဆက်)**

# အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကျန်းမာရေးစစ်ဆေးမှုများ ခံယူကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၁၂

**၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် ဆုရစာပေပညာရှင်ကြီးများသည် ယနေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကျန်းမာရေးစစ်ဆေးမှုများ ခံယူကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**

ရှေးဦးစွာ ဆုရစာပေပညာရှင်ကြီးများသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကုပြင်ပလူနာ ဌာန (၂)တွင်မိမိတို့စစ်ဆေးကုသမှုခံယူလိုသည့် ကျန်းမာရေး အခြေအနေများအား အထူးကုဆရာဝန်ကြီးများဖြင့် ဆွေးနွေးတိုင်ပင်ကြပြီး အထူးကုဆရာဝန်ကြီးများက ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့ကို အဓိကစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြကာ အခြားလိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများက စာပေပညာရှင်ကြီးများ ကျန်းမာရေးအတွက် သိသင့်သိထိုက်သည့် သက်ဆိုင်ရာရောဂါများအလိုက် ဆောင်ရန်၊ ရှောင်ရန် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ မျှဝေပေးပြီးကျန်းမာရေး စောင့်ရှောက်မှုများ စနစ်တကျ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**





ညနေပိုင်းတွင် ဆုရစာပေပညာရှင်ကြီးများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်ရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ရှေးဦးစွာ ဆုရစာပေပညာရှင်ကြီးများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ အစိတ်အပိုင်း(၄) ပိုင်းခွဲ၍တည်ဆောက်ထားသော မာရဝိဇယ ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများနှင့် အခြားလေ့လာသင့်သည်များကို လှည့်လည်ကြည့်ရှုကြပြီး**(အပေါ်ပုံ)**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ထို့နောက် ဆုရစာပေပညာရှင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဆုရစာပေပညာရှင်များသည် အလှူခံဌာန၌ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့မခန်းဗိသုကာ လက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံစေတီတော်များကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ

မိုးမြင့်

ယခုလတ်တလော မြန်မာနိုင်ငံက စက်သုံးဆီဆိုင်တွေဟာ ဆိုင်ကရောင်းဖို့သတ်မှတ်ထားတဲ့ အချိန်လောက်မှာ သွားတန်းစီနေရတယ်။ တစ်မိုင်အရှည်လောက်ထိ ယာဉ်၊ ဆိုင်ကယ်တန်း အရှည်ကြီးမှာ စိတ်ရှည်သည်းခံစွာနဲ့ တန်းစီစောင့်ဆိုင်းရတာက အလုပ်တစ်ခုဖြစ်နေတယ်။ တစ်နာရီခွဲလောက်အရောက်မှာ ဆိုင်နားလည်းရောက်ရော ကိုယ်လိုချင်တဲ့ ဓာတ်ဆီကမရတော့ဘဲ ဒီဇယ်ပဲရတော့မယ်ဆိုပြီး ဖြစ်သွားတတ်တာလည်း ကြုံဖူးပါပြီ။ အချိန်ကုန်မောတာအဖတ်တင်၊ စက်သုံးဆီဆိုင်ဆီမောင်းလို့ကုန်သွားတဲ့ဆီပမာဏလေးက မပြောပလောက်ပေမယ့် ခုလိုကာလ မြိုးမြိုးမြမြနေရတဲ့ဘဝမှာ ဒီကုန်သွားတဲ့ ပမာဏလေးသည်ပင် ကိုယ့်အတွက်အရေးကြီးနေပြန်ကော၊ လိုအပ်လို့ မလျှော့သောဇွဲနဲ့ နောက်တစ်ဆိုင်ကူးပြန်ရင်လည်း မသေချာ၊ တစ်ခါအချိန်အကြာကြီးတန်းစီတိုးပြီးမှ တပ်ခေါက်ပြန်ခဲ့ရတာလည်း ရှိရဲ့။ တစ်ခါတလေ တချို့ဆိုင်တွေက အကန့်အသတ်နဲ့ ကျပ်နှစ်သောင်းဖိုး၊ သုံးသောင်းဖိုးလောက်ဆီဖြည့်ပြီး မတတ်နိုင်တဲ့အခါ အခေါက်ခေါက်အခါခါ ရောက်ရပြန်တယ်။ ဆီထည့်ဖို့ တန်းစီရင်း ဆီဈေးမော်ကြည့်မိရင် ကားထဲဆီပြတ်မှာစိုးလို့ ဘုရားတမိအခါခါ ကုသိုလ်အကုသိုလ် ယှဉ်လျက်ပေါ့.....။

## နိုင်ငံတကာမှာလည်း ထို့အတူ

လူတန်းစားမရွေးကြုံရတဲ့ ခံစားချက်များ စိတ်ကူးများနဲ့ထပ်တူ သာမန်မြန်မာပြည်သူတစ်ယောက်ရဲ့ လတ်တလောအခြေအနေလေးပါပဲ၊ မရှိမဖြစ်အရေးပါတဲ့အရာတစ်ခုနဲ့ ပတ်သက်ပြီး ဒါတွေဘာကြောင့်ဖြစ်နေရသလဲ.. ဆန်းစစ်တဲ့အခါ.. မြန်မာနိုင်ငံမှာ စက်သုံးဆီဈေးနှုန်းတက်ခြင်းဟာ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုထက် မပိုဘူးဆိုတာလည်း သတိထားမိပြန်ရဲ့..။ တရိပ်ရိပ်တက်လာနေတဲ့ စက်သုံးဆီဈေးအခြေအနေဟာ ၂၀၂၂ ခုနှစ်အကုန်လောက်နဲ့ ၂၀၂၃ ခုနှစ် သင်္ကြန်မတိုင်ခင်က စပြီး မှတ်မိသလောက် ပိုတက်လာဟန်တူပါတယ်။ နိုင်ငံတကာမှာလည်း အတူတူပါပဲ။ အမေရိကန်လို ရေနံထွက်တဲ့နိုင်ငံအပါ အခြားဖွံ့ဖြိုးပြီး ဝင်ငွေကောင်းတဲ့နိုင်ငံတွေမှာလည်း ထို့အတူ၊ ထိုနိုင်ငံကပြည်သူတွေလည်း စက်သုံးဆီဈေးတက်တဲ့ဒဏ်ခံစားကြရပြီး ဆီတစ်လီတာ ဈေးနှုန်းချင်းနှိုင်းယှဉ်ရင် ထိုနိုင်ငံတွေမှာ များလှတယ်ဆိုပေမယ့် ဝင်ငွေကောင်းတော့ အထောင်းသက်သာနေတာပေါ့။ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းနဲ့ ကမ္ဘာ့နိုင်ငံရေးဆက်စပ်တယ်ဆိုတဲ့အချက်ကလည်း မမေ့သင့်တဲ့အချက်ပါ။ ကမ္ဘာမှာ ကျည်ဆန်စစ်ပွဲကနေ ရေနံစစ်ပွဲပြောင်းနေပုံများကို လေ့လာသင့်ပါတယ်။

## ကောလာဟလ ထောင်ချောက်ကိုသတိထားရန်

မြန်မာနိုင်ငံမှာတော့ နိုင်ငံရေးအမြတ်ထုတ်ဖို့ တိုက်ပွဲတွေဖော်ဆောင်ရင်း စီးပွားရေးအရပါ အမြတ်ထုတ်ပြီး အကျပ်အတည်းတစ်ခုပြီးတစ်ခု ဖန်တီး၊ ဂယက်ရိုက်ခတ်နေအောင် တမင်အကွက်ဆင်တတ်တာလည်း ရိုးအီနေပါပြီ။ နိုင်ငံတော်အစိုးရကို အကျပ်ရိုက်အောင်လုပ်ရင်း ပြည်သူတွေထံက မကျေနပ်တဲ့အသံတွေ နားစွင့်၊ လူထုကိုအာရုံပြောင်းထွက်ပေါက်ဖန်တီးပြီး လူထုအုံကြွမှုထောင်ချောက်ကို ဖန်တီးတတ်တဲ့အချက်ကို တည်ငြိမ်အေးချမ်းမှုလိုလားတဲ့ ပြည်သူမှန်သမျှ သတိပြုမိဖို့လိုပါတယ်။

အတုအယောင်နိုင်ငံရေးနဲ့ စီးပွားရေး ဝိသမလောဘဇောဇာတ်လမ်းနဲ့ စက်သုံးဆီပြဿနာရဲ့နောက်ဆက်တွဲ ကုန်စည်ပို့ဆောင်မှု၊ ရှားပါးမှု၊ ဈေးတက်မှုစတဲ့ သက်ရောက်မှုတွေ ပေါင်းစပ်လိုက်တဲ့အခါ အစိုးရလည်းအခက်တွေ့၊ ပြည်သူလည်း ဒုက္ခကြုံအောင် လုပ်တတ်တဲ့သဘော သဘာဝများကို သတိထားမိအောင်ပါ။ ဒီလိုထောင်ချောက်မျိုးကို အဖျက်သမားတွေဟာ ကောလာဟလ သတင်းတု၊ သတင်းမှားမျိုးစုံနဲ့ ဖန်ဆင်းပြီး လူထုကိုစိုးရိမ်ထိတ်လန့်မှုတွေနဲ့ တိုင်းပြည်ကို ဖရိုဖရဲ ဗရုတ်ဗရက်ဖြစ်အောင် လုပ်နေခြင်းဖြစ်ပါတယ်။



**❝ စက်သုံးဆီတင်သွင်းမှုကို နိုင်ငံအတွက် ဦးစားပေးအဆင့် (၁) မှာ အစဉ်တစိုက် သတ်မှတ်ထားပြီးသားဖြစ်ပါတယ်။ ကမ္ဘာ့အားလုံးမှာ အရေးတကြီး လိုအပ်ချက်ဖြစ်တဲ့အတွက်ကြောင့်ပါပဲ။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့က စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနဲ့ ဈေးနှုန်းအပိုင်းမှာ ဈေးနှုန်းတည်ငြိမ်နေအောင်နဲ့ လုံလောက်မှုရှိအောင်ကိုပါ တတ်နိုင်သမျှကြိုးစားပြီး ဆောင်ရွက်ဖြေရှင်းပေးနေတာ တွေ့ရပါတယ်။ နေ့စဉ်စက်သုံးဆီဈေးနှုန်းကအစ ဆောင်ရွက်ချက်များကို တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေကိုယ်တိုင် ပြည်သူထံ ချပြနေတာရှိပါတယ်။ သက်ဆိုင်ရာတင်သွင်းတဲ့နိုင်ငံကနေ နေ့စဉ်ဖြစ်နေတဲ့ဈေးနှုန်း၊ အနည်းဆုံးအခွန်အကောက်နဲ့ သယ်ယူပို့ဆောင်ရေး စရိတ်ရယ်ပေါင်းပြီးတော့မှ နေ့စဉ်ဈေးနှုန်း သတ်မှတ်ပြီး တည်ငြိမ်အောင် ဆောင်ရွက်ပေးနေကြောင်း ❞**

ဘယ်လိုကောလာဟလမျိုး ဖြစ်နိုင်ပါသလဲ။ နိုင်ငံခြားသုံးငွေပြတ်လပ်နေပြီ။ စက်သုံးဆီပြတ်လပ်နေပြီ။ နိုင်ငံခြားက အဝင်မရှိတော့ဘူး။ စက်သုံးဆီဈေးနှုန်းတွေက ဘယ်လောက်တောင် မြင့်တက်သွားတာ၊ လူတွေတန်းစီရတာ ဘယ်နှစ်မိုင်လောက်ရှိတယ်။ ဘယ်ဆိုင်တွေကတော့ ပိတ်ထားလိုက်ပြီစသည်ဖြင့် အမှားနဲ့အမှန်ရောရာ လက်ရှိဖြစ်နေတဲ့အခြေအနေထက် ပိုဆိုးသယောင် ဖောင်းဖောင်းပွပွဖြန့်လိုက်တဲ့ သတင်းအချက်အလက်တွေကြောင့်က အဓိကဖြစ်နေပါတယ်။

## ကြိုးစားဖြေရှင်းဆောင်ရွက်ပေးလျက်ပါ

စက်သုံးဆီတင်သွင်းမှုကို နိုင်ငံအတွက် ဦးစားပေးအဆင့် (၁) မှာ အစဉ်တစိုက် သတ်မှတ်ထားပြီးသားဖြစ်ပါတယ်။ ကမ္ဘာ့အားလုံးမှာ အရေးတကြီး လိုအပ်ချက်ဖြစ်တဲ့အတွက်ကြောင့်ပါပဲ။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့က စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနဲ့ ဈေးနှုန်းအပိုင်းမှာ ဈေးနှုန်းတည်ငြိမ်နေအောင်နဲ့ လုံလောက်မှုရှိအောင်ကိုပါ တတ်နိုင်သမျှ ကြိုးစားပြီး ဆောင်ရွက်ဖြေရှင်းပေးနေတာ တွေ့ရပါတယ်။ နေ့စဉ်စက်သုံးဆီဈေးနှုန်းကအစ ဆောင်ရွက်ချက်များကို တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေကိုယ်တိုင် ပြည်သူထံ ချပြနေတာရှိပါတယ်။ သက်ဆိုင်ရာတင်သွင်းတဲ့နိုင်ငံကနေ နေ့စဉ်ဖြစ်နေတဲ့ဈေးနှုန်း၊ အနည်းဆုံးအခွန်အကောက်နဲ့ သယ်ယူပို့ဆောင်ရေး စရိတ်ရယ်ပေါင်းပြီးတော့မှ နေ့စဉ်ဈေးနှုန်းသတ်မှတ်ပြီး တည်ငြိမ်အောင် ဆောင်ရွက်ပေးနေကြောင်း ထုတ်ပြန်ပြောကြားချက်တစ်ခုကို မှတ်သားဖူးပါတယ်။

နိုင်ငံတော်ဘက်က ပို့ကုန်သွင်းကုန်နဲ့ပတ်သက်ပြီး လတ်တလော ဖြေလျှော့မှုတချို့ကိုလည်း မှတ်သားမိလိုက်ပါတယ်။ နိုင်ငံတော်ဗဟိုဘဏ်ရဲ့ ပြင်ဆင်သတ်မှတ်ချက်မှာ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ပို့ကုန်တင်ပို့လို့ ပို့ကုန်ရငွေပမာဏရဲ့ ကျပ်ငွေနဲ့ လဲလှယ်ဆောင်ရွက်ရမယ့် မူလဖြေလျှော့ချက် ၅၀ ရာခိုင်နှုန်းကနေ ၃၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်ခြင်း အမိန့်ကြော်ငြာစာတစ်ခုကို လေ့လာတဲ့အခါ ကျန် ၆၅ ရာခိုင်နှုန်းကို ပြင်ပပေါက်ဈေးအတိုင်း လဲလှယ်ဆောင်ရွက်ခွင့်ရတဲ့သဘောကို တွေ့ရပါတယ်။ ပို့ကုန်အတွက် လွပ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရင်း သွင်းကုန်အတွက် လိုအပ်တဲ့ နိုင်ငံခြားငွေရလာအောင်နဲ့ နိုင်ငံခြားငွေစီးဆင်းမှု အားကောင်းလာအောင် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ယခုလို ပြင်ပတင်ပို့မှုနဲ့ဆက်စပ်ပြီး သွင်းကုန်တင်သွင်းတဲ့အခါမှာလည်း မိမိရဲ့နိုင်ငံခြားငွေကို ဈေးကွက်ပေါက်ဈေးအတိုင်း စီမံဆောင်ရွက်သွားနိုင်တော့မယ့်အနေအထားကို အခွင့်အလမ်းတစ်ခုအဖြစ် မြင်စေချင်ပါတယ်။ ယခုလိုအပြောင်းအလဲကြောင့်သာ စက်သုံးဆီတင်သွင်းသူတွေအနေနဲ့ ဒေါ်လာရဖို့ ခက်ခဲမှုတချို့ လတ်တလောကြုံတွေ့နေရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဘက်ကတော့ ငွေလဲတဲ့အခါမှာ လိုအပ်တဲ့ပမာဏနဲ့ ချိန်ညှိဆောင်ရွက်နေရတာရှိသလို လိုရင်လိုသလောက် လုံလုံလောက်လောက်ရဖို့လုပ်ငန်းအသစ်တွေဖော်ဆောင်နေရခြင်းမျိုးတွေလည်း ရှိပြီးဖြစ်ပါတယ်။ ဥပမာ–ရုရှားနိုင်ငံနဲ့ ဆက်သွယ်ထားရှိမှုဖြစ်ပါတယ်။

ဆီမရှိလို့မဟုတ်၊ ဆီတင်သင်္ဘောတွေကရောက်ပြီးသား၊ ရောက်ရှိပြီး စက်သုံးဆီလည်း လုံလုံလောက်လောက်ရှိပါတယ်လို့ တာဝန်ရှိသူများက အကြိမ်ကြိမ်ပြောပြီးဖြစ်ပါတယ်။ ပြောခဲ့သလို ငွေလဲလှယ်မှုနဲ့ လိုအပ်တဲ့ပမာဏတစ်ခုကြောင့်သာ ခေတ္တပြတ်သလိုဖြစ်သွားတာ ဖြစ်တဲ့အတွက် အစိုးရိမ်မကြီးဖို့နဲ့ ကောလာဟလတွေကို မယုံကြည်ဖို့ကိုသာ ထပ်မံတင်ပြချင်ပါတယ်။ စိုးရိမ်မှုလွန်ကဲပြီး များများထည့်၊ အများကြီးတန်းစီဖြစ်သွားတာလည်း နားလည်မှုပေးနိုင်ပါတယ်။ ပြောချင်တာက အလွန်အမင်း ပူပန်သောကမဖြစ်ဖို့နဲ့ ကိုယ့်ကားထဲ၊ ကိုယ့်ဆိုင်ကယ်ထဲ လိုသလောက်သာ ဖြည့်ဖို့ပါ။ ထွက်လာတဲ့သတင်းတွေကိုလည်း ဖြစ်နိုင် မဖြစ်နိုင် ချင့်ချိန်စဉ်းစားစေချင်တယ်။ အားလုံးက သတင်းအချက်အလက်နဲ့ ကိုယ့်ရဲ့လိုအပ်ချက် သုံးသပ်ချင့်ချိန်ပြီး အများအတွက်ပါမျှဝေလိုတဲ့ ကိုယ်ချင်းစာစိတ်လေးနဲ့လုပ်ကြကိုင်ကြရင် အလွန်ကောင်းသွားမှာပါ။ ဘယ်ကုန်ပစ္စည်းအမယ်ပဲ ဖြစ်ဖြစ်ပါ ရုတ်တရက်ပြတ်လပ်သွားအောင်ကော ဈေးနှုန်းတက်သွားတဲ့နေရာမှာပါ ကိုယ်ကိုယ်တိုင်တစ်ဦးတစ်ယောက်ချင်းကြောင့်လည်း ပါ ပါတယ်။ ကိုယ့်ကြောင့် မလိုအပ်ဘဲ ဆိုးကျိုးဖြစ်သွားတတ်တဲ့ သဘောလေးတွေကို သတိမူမိစေလိုပါတယ်။

## အရောင်းနဲ့အဝယ်အကြား မမျှတလျှင်

အရောင်းနဲ့အဝယ်အကြား မျှတမှုယိမ်းယိုင်သွားရင် ဖြစ်တတ်တဲ့ သဘောတရားတစ်ခုကိုလည်း တွေ့နိုင်ပါတယ်။ ရှေ့ကဝယ်ဖြည့်သူတွေက လိုတာထက်ပိုပြီးဖြည့်လိုက်တဲ့အတွက် လက်ကျန်မရှိတော့တဲ့အခြေအနေမှာ ကောလာဟလက တစ်ခါထပ်ဆင့်ပြီး ဝယ်လက်အရေအတွက် မတန်တဆများပြားလာတဲ့အထိ ထပ်ဆင့်သက်ရောက်မှုတွေ ရှိလာခြင်းပါတယ်။

စာမျက်နှာ ၇ သို့

**❖ နောက်တစ်ချက်က အခေါက်ခေါက်အခါခါ တန်းစီ၊ ထုတ်ယူ၊ သိုလှောင်၊ အမြတ် တင်ပြန်ရောင်းတဲ့ကိစ္စပါ။ ဒါကလည်း တန်းစီစောင့်စားရခြင်း အကြောင်းတရားများထဲက တစ်ခုပါ။ တစ်ဦးချင်း၊ တစ်စီးချင်း၊ ချက်ချင်းဝယ်၊ ချက်ချင်းရောင်းရာကနေ ကား၊ ဆိုင်ကယ် အုပ်စုလိုက် အထပ်ထပ်တန်းစီပြီး တရားမဝင် သိုလှောင်ရောင်းချကြတဲ့ မြင်ကွင်းတွေအထိကို တွေ့လာရတာဖြစ်ပါတယ်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ရေနံစိမ်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မင်းဘူးမြို့ မန်းရေနံမြေအိမ်ရာ၌ တရားမဝင်ရေနံစိမ်း ၂၅ ဂါလန်နှင့် Kenbo 110 ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ မကွေးမြို့ မြို့မ အိုးဘိုရပ်ကွက် ရောဝတီတံတားအနီး၌ လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်သည့် Turbo 125 တစ်စီး၊ YHJJ 125 တစ်စီးနှင့် New Sumbo 125 တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ဒီဇင်ဘာ ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၇၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နေပြည်တော်-ရန်ကုန်အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂/၂)အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၂၉တန်၊ အခြားသစ် ၅ ဒသမ ၉၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၅၅၅၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan UD မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၆၅၅၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၆၆၅၂၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

> “ ဆီမရှိလို့မဟုတ်၊ ဆီတင်သင်္ဘောတွေက ရောက်ပြီးသား၊ ရောက်ရှိပြီး စက်သုံးဆီလည်း လုံလုံလောက်လောက်ရှိပါတယ်လို့ တာဝန်ရှိသူများက အကြိမ်ကြိမ်ပြောပြီးဖြစ်ပါတယ်။ ပြောခဲ့သလို ငွေလဲလှယ်မှုနဲ့ လိုအပ်တဲ့ပမာဏတစ်ခုကြောင့်သာ ခေတ္တပြတ်သလိုဖြစ်သွားတာဖြစ်တဲ့အတွက် အစိုးရိမ်မကြီးဖို့နဲ့ ကောလာဟလတွေကို မယုံကြည်ဖို့ကိုသာ ထပ်မံတင်ပြချင်ပါတယ်။ စိုးရိမ်မှုလွန်ကဲပြီး များများထည့်၊ အများကြီးတန်းစီဖြစ်သွားတာလည်း နားလည်မှုပေးနိုင်ပါတယ်။ ပြောချင်တာက အလွန်အမင်းပူပန်သောကမဖြစ်ဖို့နဲ့ ကိုယ့်ကားထဲ၊ ကိုယ့်ဆိုင်ကယ်ထဲ လိုသလောက်သာ ဖြည့်ဖို့ပါ။ ထွက်လာတဲ့သတင်းတွေကိုလည်း ဖြစ်နိုင် မဖြစ်နိုင် ချင့်ချိန်စဉ်းစားစေချင်တယ်။ အားလုံးက သတင်းအချက်အလက်နဲ့ ကိုယ့်ရဲ့လိုအပ်ချက် သုံးသပ်ချင့်ချိန်ပြီး အများအတွက်ပါမျှဝေလိုတဲ့ ကိုယ်ချင်းစာစိတ်လေးနဲ့လုပ်ကြကိုင်ကြရင် အလွန်ကောင်းသွားမှာပါ။ ဘယ်ကုန်ပစ္စည်းအမယ်ပဲ ဖြစ်ဖြစ်ပါ ရုတ်တရက်ပြတ်လပ်သွားအောင်ကောဈေးနှုန်းတက်သွားတဲ့နေရာမှာပါ ကိုယ်ကိုယ်တိုင် တစ်ဦးတစ်ယောက်ချင်းကြောင့်လည်း ပါ ပါတယ်။ ကိုယ့်ကြောင့် မလိုအပ်ဘဲဆိုးကျိုးဖြစ်သွားတတ်တဲ့ သဘောလေးတွေကို သတိမူမိစေလို ”

ကျွန်တော်တို့ သတိထားသင့်တာက နေ့စဉ်ကိုယ်က သွားတန်းစီတိုင်း ဆီဝယ်လို့ ရနေတယ်ဆိုရင် စက်သုံးဆီ အဝင်ရှိနေတယ်။ ပြတ်လပ်မှုမရှိဘူးလို့ ကောက်ချက်ချလို့ရနေပြီပဲ။ မြန်မာ့ပင်လယ်ဝမှာကော၊ ဆိပ်ကမ်းမှာပါ ဆီတင်သင်္ဘောတွေရှိနေပါတယ်။ အသင့်စောင့်ဆိုင်းနေကြတယ်။ ဆိပ်ကမ်းကနေ ဆီသယ်ယာဉ်တွေနဲ့လည်း အဆက်မပြတ်သယ်ယူဖြန့်ဖြူးပေးနေတဲ့သတင်းတွေလည်း ချပြပြီးသားပါ။ ဒါကြောင့် လက်ရှိအခြေအနေမှာ အလွန်အမင်းစိုးရိမ်စရာမရှိဘူးလို့ ယူဆပါတယ်။

နောက်တစ်ချက်က အခေါက်ခေါက်အခါခါတန်းစီ၊ ထုတ်ယူ၊ သိုလှောင်၊ အမြတ်တင်ပြန်ရောင်းတဲ့ကိစ္စပါ။ ဒါကလည်း တန်းစီစောင့်စားရခြင်းအကြောင်းတရားများထဲက တစ်ခုပါ။ တစ်ဦးချင်း၊ တစ်စီးချင်း၊ ချက်ချင်းဝယ်၊ ချက်ချင်းရောင်းရာကနေ ကား၊ ဆိုင်ကယ်အုပ်စုလိုက် အထပ်ထပ်တန်းစီပြီး တရားမဝင် သိုလှောင်ရောင်းချကြတဲ့ မြင်ကွင်းတွေအထိကို တွေ့လာရတာဖြစ်ပါတယ်။ ယခုလိုတရားမဝင်သိုလှောင်ရောင်းချမှုမျိုးဟာ အခန့်မသင့်ရင်မီးဘေးအန္တရာယ်ကအစ ဥပဒေများနဲ့ပါ ငြိစွန်းပြီး မလိုလားအပ်ဘဲ အပြစ်ပေးအရေးယူခံရမှုမျိုးတွေဖြစ်လာနိုင်ခြေကိုလည်း သတိထားပြီး ရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

အဓိက ကတော့ နှစ်ချက်ပါပဲ။ ကိစ္စရပ်တစ်ခု အဖြစ်အပျက်တစ်ခုအပေါ်မှာ မူလအရင်းခံအကြောင်းတရားက ဘာလဲ၊ လက်တလောဖြစ်ရတဲ့အကြောင်းတရားက ဘာလဲ၊ ပတ်သက်ဆက်နွယ်နေတဲ့ အကြောင်းတွေကဘာတွေရှိမလဲ စသဖြင့် ဘာမဆိုအကြောင်းကြောင့် အကျိုးဖြစ်ရတဲ့အပေါ်မူတည်ပြီး ဆင်ခြင်တုံတရားရှိရှိနဲ့ ထွက်ပေါ်လာတဲ့ ကောလာဟလတွေကို မယုံကြည်ဖို့နဲ့ ကိုယ်ချင်းစာကရုဏာတရားရှိတဲ့ နိုင်ငံသားကောင်းများ ပီသစေချင်တာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တစ်ချိန်လုံးကောလာဟလတွေနဲ့သာ နပန်းလုံးနေရသလိုဖြစ်ပြီး အကြိမ်ကြိမ်အခါခါလည်း လိမ်ညာခံရသူတွေဖြစ်ခဲ့ပါပြီ။ အတိတ်က အခါခါရခဲ့ဖူးတဲ့သင်ခန်းစာတွေကိုရယူပြီး ယခုအခါမှာ အကဲဖြတ်စိစစ်ဆင်ခြင်နိုင်စွမ်းရှိသူတွေ ဖြစ်သင့်ပါပြီ။

ကောလာဟလဟူသည် မိမိအတွက်ကောအများကိုပါ အန္တရာယ်ပေးပါတယ်။ လူ့အဖွဲ့အစည်းမှာ မငြိမ်သက်မှုတွေဖြစ်စေပါတယ်။ မတည်ငြိမ်မှုကို လိုလားသူတွေက ဒီလိုကောလာဟလတွေကို ဖန်တီးတတ်သူတွေပါ။ ဒါပေမယ့်လည်း မှန်မှန်ကန်ကန်နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ဆင်ခြင်မှုအပေါ် လွှမ်းမိုးသွားတာက လူတွေရဲ့လောဘပါပဲ။ မရှိတဲ့သူကလည်း ရှိချင်လို့၊ ရှိပြီးသားလူကလည်း ထပ်ရှိချင်လို့ ထပ်ရချင်လို့ စသဖြင့် ဒီစက်ကွင်းကကို မလွတ်နိုင်ကြပါဘူး။ တစ်ခုပဲ ပြောချင်တာရှိပါတယ်။ ရှင်သန်ဆဲကာလတစ်လျှောက် အကျပ်အတည်းတွေ၊ ပဋိပက္ခတွေဆိုတာ အမြဲကြုံတွေ့နေမယ့်အရာတွေပါ။ ယခုလိုအားလုံးက မပြည့်မစုံဖြစ်နေကြတဲ့ကာလမျိုးမှာ အခက်အခဲရှိသူအချင်းချင်း ကိုယ်ချင်းစာ တရားထားပြီး လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းနိုင်ကြဖို့သာ ရည်ရွယ်လိုက်ရပါသည်။ ။

# တရုတ်နိုင်ငံအကူအညီဖြင့် MNDAA၊ TNLA၊ AA အဖွဲ့များနှင့်နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးမှုများကို အနောက်နိုင်ငံထောက်ပံ့ပေးထားသည့် မီဒီယာများက အဖျက်သဘောဆောင်သည့် ထုတ်လွှင့်နေမှုများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား NUG၊ PDF များမှ ၎င်းတို့ထံရောက်ရှိလာစေရေး ခြိမ်းခြောက်စည်းရုံးနေမှုများ၊ ၁၂-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် တွေ့ဆုံခဲ့ရာတွင် ဒေသခံပြည်သူများ၏ သားသမီးများအား ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် အဓိကထားဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

မနေ့ကတော့ ကျွန်တော်တို့ တရုတ်နိုင်ငံရဲ့အကူအညီနဲ့ MNDAA၊ TNLA၊ AA အဖွဲ့တွေအနေနဲ့ နိုင်ငံရေးအရဖြေရှင်းဆောင်ရွက်နိုင်ဖို့ တွေ့ဆုံဆွေးနွေးမှုများ လုပ်ခဲ့တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ပြောခဲ့ပါတယ်။ ဒီနေ့မှာတော့ ဒီသတင်းနဲ့ပတ်သက်ပြီး အနောက်နိုင်ငံအားပေးမီဒီယာများ အနောက်နိုင်ငံတွေက ထောက်ပံ့ပေးထားတဲ့ မီဒီယာများကနေပြီး ဆွေးနွေးမှုနဲ့ပတ်သက်ပြီးတော့ ဆန့်ကျင်တဲ့သဘောပေါ့။ မဖြစ်စေချင်တဲ့သဘော။ ပြီးရင် ဒါနဲ့ပတ်သက်ပြီး မဟုတ်ဘူးဆိုတဲ့သဘောတွေ ထုတ်လွှင့်နေတာရှိပါတယ်။ ဒီတော့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအနေနဲ့လည်း ပြောပြီးဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်ထပ်ပြီးတော့ အသေးစိတ် ပြောစရာမရှိပါဘူး။ ဒီနေရာမှာ ပြောချင်တာကတော့ အနောက်နိုင်ငံအားပေးမီဒီယာများ၊ NUG အကြမ်းဖက်အဖွဲ့ရဲ့ ဒေါက်တိုင် မီဒီယာများအနေနဲ့ ကျွန်တော်တို့ တရုတ် -မြန်မာနှစ်နိုင်ငံရဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားနေတာတော့အမှန်ပဲဖြစ်ပါတယ်။ တရုတ် -မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးပြေလည်သွားမှာကို၊ နယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းသွားမှာကို မလိုလားဖြစ်နေတာတော့ အထင်းသားတွေ့နိုင်တယ်လို့ ပြောချင်ပါတယ်။ အနောက်နိုင်ငံအားပေးမီဒီယာများ၊ အနောက်နိုင်ငံရဲ့ ဒေါက်တိုင်မီဒီယာများကတော့ ဒီကိစ္စမှမဟုတ်ပါဘူး။ သူတို့အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ ဘယ်နေရာကိုမှ ငြိမ်းချမ်းစေချင်တာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မငြိမ်းချမ်းလေ သူတို့အတွက် ဝင်ငွေရရှိလေပဲ ဖြစ်ပါတယ်။

### တိုက်ပွဲတွေရပ်တန့်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းလာမှာတွေကို မလိုလားဆုံးဖြစ်

သူတို့ရပ်တည်နေတာသည် မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေး မြန်မာနိုင်ငံမှာ သူတို့ကိုထောက်ပံ့ပေးနိုင်မယ့်၊ မြန်မာနိုင်ငံမှာ သူတို့လိုလားတဲ့ သူတို့ရဲ့လက်ကိုင်တုတ်အစိုးရ ရရှိရေးအတွက် ရည်မှန်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီအတွက်လည်း မြန်မာနိုင်ငံရဲ့ မည်သည့်နေရာမှာမဆို တိုက်ပွဲတွေရပ်တန့်သွားမှာ၊ ငြိမ်းချမ်းရေး ရရှိမှာ သူတို့ရဲ့အစိုးရိမ်ဆုံးဖြစ်ပါတယ်။ ယခင်နှစ်တွေကလည်း ကျွန်တော်တို့ AA အဖွဲ့နဲ့ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေဖြစ်ခဲ့ကြတယ်။ တွေ့ဆုံဆွေးနွေးမှုတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်တွေရဲ့ ဆောင်ရွက်ချက်တွေကြောင့် တိုက်ပွဲရပ်တန့်သွားတယ်။ တိုက်ပွဲရပ်တန့်သွားတဲ့အချိန်မှာလည်း ဒီလိုပဲဝေဖန်မှုတွေ ထွက်လာတာ



ဖြစ်ပါတယ်။ ရပ်တန့်သွားတဲ့တိုက်ပွဲကို မဖြစ်ဖြစ်အောင်လှုံ့ဆော်မှုတွေ၊ သွေးထိုးမှုတွေ လုပ်ဆောင်တာဖြစ်ပါတယ်။ အခုလည်း ဒီလိုပဲ လုပ်ဆောင်တာဖြစ်ပါတယ်။ သူတို့ရဲ့စိုးရိမ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ မည်သည့်နေရာမှာမဆို တိုက်ပွဲတွေရပ်တန့်ပြီး ငြိမ်းချမ်းသွားမှာတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းလာမှာတွေကို မလိုလားဆုံးဖြစ်ပါတယ်။ ဒီအတွက်လည်းဆက်လက်ပြီး လုပ်ဆောင်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေ တိုင်းရင်းသားပြည်သူလူထုအနေနဲ့၊ အိမ်နီးချင်းနိုင်ငံများအနေနဲ့ သတိကြီးစွာထားဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုက ဒီရက်ပိုင်းတွေအတွင်းမှာ လုပ်ဆောင်နေတဲ့ဟာတွေရှိပါတယ်။ အဓိက ကတော့ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သူတို့ဘက်ကို ရောက်ရှိလာနိုင်ရေး အသည်းအသန်စည်းရုံးနေတာတွေ၊ အသည်းအသန်ခြိမ်းခြောက်နေတာတွေ ကျွန်တော်တို့ တွေ့ရပါတယ်။ သူတို့က တရားမျှတတယ်ပြောရင်၊ ပြည်သူက ထောက်ခံတယ်လို့ပြောရင် ဒါတွေကို အသည်းအသန် အကြောက်အကန် လုပ်ဆောင်နေဖို့လိုနိုင်မလားဆိုတဲ့ စဉ်းစားတွေးခေါ်မှုမျိုး ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူလူထုအားလုံးမှာ သိရှိဖို့လိုပါတယ်။ NUG အကြမ်းဖက်အဖွဲ့၊ PDF အကြမ်းဖက်အဖွဲ့အနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ မဲလိမ်မဲခိုးမှုကြောင့် တပ်မတော်အနေနဲ့ တာဝန်ယူခဲ့ရတယ်။ ဒီတာဝန်မယူခင်မှာလည်း ညှိနှိုင်းမှုအမျိုးမျိုးလုပ်ခဲ့တယ်။ တာဝန်ယူပြီးနောက်ပိုင်းမှာလည်း တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းဖို့ ပြောခဲ့ လုပ်ခဲ့ပါတယ်။

### အလုံးစုံ ပျက်သုဉ်းရေးကို ဦးတည်ပြီး လုပ်ဆောင်မယ့်သူတွေလား

သို့သော် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို သူတို့ရွေးချယ်ပြီး ပြည်သူ့ရဲ့လူမှုစီးပွားဘဝကိုဖျက်ဆီးနေတာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကနေ အခု ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ NUG၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ရဟန်းသံဃာ ၉၂ ပါးကို သတ်ဖြတ်ခဲ့ပါတယ်။ ပညာရေးဝန်ထမ်း ၈၈ ဦးကို သတ်ဖြတ်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်း ၂၀ ကို သတ်ဖြတ်ခဲ့ပါတယ်။ သူတို့ဖျက်ဆီး၊ မီးရှို့၊ မိုင်းထောင်ခဲ့တဲ့ ဆေးရုံ၊ ဆေးခန်းပေါင်း ၅၅ ခုရှိပါတယ်။ စာသင်ကျောင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံပေါင်း ၇၇၃ ခုရှိခဲ့ပါတယ်။ အများပြည်သူလူထုအသုံးပြုနေတဲ့ ဆက်သွယ်ရေးတာဝါတိုင် ၆၀၀ ကျော် ဖျက်ဆီးခဲ့ပါတယ်။ ဒီလိုလူမျိုးတွေ၊ ဒီလိုအဖျက်လုပ်ငန်းတွေ လုပ်နေတဲ့သူတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားတွေပြောနေတဲ့ ဖက်ဒရယ်အရေးဆိုတာတွေကို လုပ်ဆောင်မယ့်သူတွေလား၊ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ပြီး သူတို့အာဏာရရှိရေးလုပ်ဆောင်မယ့် သူတွေလားဆိုတာ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ ခွဲခွဲခြားခြား ကွဲကွဲပြားပြား သိမြင်နိုင်ပါတယ်။ ခွဲခွဲခြားခြား ကွဲကွဲပြားပြားသိမြင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုတစ်ရပ်လုံး ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရေးကို ဆက်လက်လုပ်ဆောင်သင့်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်စဉ်များအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ နမ့်ဆန်ဒေသမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ထီးချိုင့်အရှေ့ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှုရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်မှာ ယာယီနေရပ်စွန့်ခွာပြည်သူများနဲ့တွေ့ဆုံခဲ့ပါတယ်။ သိန္နီဘက်နဲ့ လားရှိုးနယ်တစ်ဝိုက်က နေရပ်စွန့်ခွာများနဲ့ စကားပြောဆိုခဲ့ပါတယ်။ သူတို့အနေနဲ့က ယာယီနေရပ်စွန့်ခွာတွေဖြစ်တဲ့အတွက် စားဝတ်နေရေး၊ နေထိုင်ရေးအကျပ်အတည်း တချို့ရှိပါတယ်။ ဒါတွေကို လူမှုအဖွဲ့အစည်းတွေအားလုံးက ကူညီဖြေရှင်းပေးနေကြတယ်။ သို့သော် သူတို့ပိုပြီးတော့ပူတာက သူတို့ရဲ့သားသမီးတွေ၊ ကလေးတွေကျောင်းမတက်ရတာကို ပိုပြီးပူတာကို တွေ့ရပါတယ်။ ဒီနေရာမှာကျွန်တော်တို့မြင်လိုက်တာကတော့ ဒီဒေသသည် တိုင်းပြည်ရဲ့ သားသမီးတွေရဲ့ ပညာရေး သူတို့ရဲ့အနာဂတ်အတွက်ကိုလည်း ပိုပြီးအလေးထားတဲ့နေရာဖြစ်ကြောင်း သိခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ယာယီနေရပ်စွန့်ခွာမိသားစုတွေ၊ ကလေးသူငယ်တွေ ပညာသင်ကြားရေးအတွက်လည်း ကျွန်တော်တို့ အစိုးရအနေနဲ့ အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးအတွက်လည်း အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ တည်ငြိမ်အေးချမ်းရေး၊ မငြိမ်သက်တဲ့နေရာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအနေနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

သတင်းစဉ်

- ❑ **ကျွန်တော်တို့ တရုတ် - မြန်မာနှစ်နိုင်ငံရဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားနေတာတော့အမှန်ပဲဖြစ်ပါတယ်။ တရုတ် - မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပြေလည်သွားမှာကို၊ နယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းသွားမှာကို မလိုလားဖြစ်နေတာတော့ အထင်းသားတွေ့နိုင်တယ် လို့ ပြောချင်ပါတယ်။ အနောက်နိုင်ငံအားပေးမီဒီယာများ၊ အနောက်နိုင်ငံရဲ့ ဒေါက်တိုင်မီဒီယာများကတော့ ဒီကိစ္စမှမဟုတ်ပါဘူး။ သူတို့အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ဘယ်နေရာကိုမှ ငြိမ်းချမ်းစေချင်တာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မငြိမ်းချမ်းလေ သူတို့အတွက် ဝင်ငွေရရှိလေပဲ ဖြစ်ပါတယ်**

# နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အဓိကတာဝန် နှစ်ရပ်မှာ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်နှင့်လယ်ယာဖွံ့ဖြိုးရေးချေးငွေများထုတ်ချေးရန်နှင့် ပြန်လည်ကောက်ခံရန်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၂** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ပထမဦးစွာ ဒုတိယဝန်ကြီးသည် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းမန်နေဂျာနှင့် မြို့နယ်မန်နေဂျာတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ၊ ချေးငွေထုတ်ချေးမှု၊ ချေးငွေကြွေးကျန်ကျဆင်းရေးနှင့် အလွဲသုံးစားမှုလျော့နည်းပပျောက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အဓိကတာဝန် နှစ်ရပ်မှာ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်နှင့် လယ်ယာဖွံ့ဖြိုးရေး ချေးငွေများ ထုတ်ချေးရန်နှင့် ပြန်လည်ကောက်ခံရန်ဖြစ်ကြောင်း၊ ယင်းတာဝန်များကို ရေရှည်ဆောင်ရွက်နိုင်စေရန် ကြွေးဟောင်းပြေကျေမှ ကြွေးသစ်ပေးသည့် စနစ်ကို ကျင့်သုံး ဆောင်ရွက်လျက်ရှိကြောင်း၊ ကြွေးကျန်လျော့နည်းကျဆင်းရေးစီမံချက်နှင့် အလွဲသုံးစားမှုလျော့နည်းပပျောက်ရေး စီမံချက်တို့ကို အောက်ခြေဝန်ထမ်းများ သိရှိနားလည်လိုက်နာရေးဆောင်ရွက်ရန် မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းပြည်ပဘဏ်မဟုတ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲရသဖြင့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရေး၊ On-site နှင့် Off-site ပုံမှန်စစ်ဆေးကြပ်မတ်ရေး၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်စေရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

သတင်းစဉ်

# ပုဂံရှေးဟောင်းဘုရားများ ပြင်ဆင်ထိန်းသိမ်းနေမှုနှင့် လမ်းမျက်နှာပြင်ပေါက်နေမှု ပြင်ဆင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၂** ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းဘုရားများကို ကြည့်ရှုစစ်ဆေးရာ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်နှင့်အဆောက်အဦ အထူးအဖွဲ့(၇)တာဝန်ခံ အင်ဂျင်နီယာများက မိုးကြိုးလွှဲတပ်ဆင်ရန်စီမံဆောင်ရွက်မှုနှင့် ဘုရားများ မွမ်းမံထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ကမ္ဘာ့အမွေအနှစ်ရှေးဟောင်းဘုရားများဖြစ်၍ မူလလက်ရာမပျက် မွမ်းမံထိန်းသိမ်းရန်နှင့်ဘုရားများ ရေရှည်တည်တံ့ခိုင်မြဲရေး စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အရည်အသွေး ထိန်းသိမ်းရေး ဓာတ်ခွဲခန်းနှင့် နိုင်လွန်ကတ္တရာထုတ်လုပ်သည့် လုပ်ငန်းခွင်(AC Plant)သို့ ရောက်ရှိပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးရရှိရေး မှာကြားပြီး နိုင်လွန်ကတ္တရာထုတ်လုပ်သည့် လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗျတ္တပန်းဆက်လမ်း ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်နေမှုနှင့် ရန်ကုန် - ပြည် - မန္တလေး လမ်း မိုင်တိုင်အမှတ် (၄၀၂/၀)မှ (၄၀၂/၁) အတွင်း (ကျောက်ပန်းတောင်းမြို့နှင့် ပုပ္ပားမြို့အကြား) ရှိ ပန်းထုပ်ချောင်းရေကျော်ပြုပြင်ခြင်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ ရန်ကုန် - ပြည် - မန္တလေးလမ်း ပုပ္ပားနှင့် ကျောက်ပန်းတောင်းလမ်းပိုင်းရှိ မိုင်တိုင် (၃၉၈/၆)နှင့် (၃၉၉/၆)တွင် လမ်းအနိမ့်အမြင့်ညှိ ကတ္တရာရေပိတ်လွှာ လောင်းခြင်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း မိုင်တိုင်အမှတ် (၂၅/၃) နှင့် (၂၅/၄) အကြား လမ်းမျက်နှာပြင် ပျက်စီးနေမှုအား ပြင်ဆင်ခြင်းနှင့် မိုင်တိုင်အမှတ် (၂၀/၅) နှင့် (၂၀/၆) အကြား လမ်းမျက်နှာပြင်ပေါက်နေမှု ပြင်ဆင်ခြင်းလုပ်ငန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



သတင်းစဉ်



# ပင်းတယမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဖွင့်

**ပင်းတယ ဒီဇင်ဘာ ၁၂** ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်၌ ဒီဇင်ဘာ ၁၁ ရက်က ဆင်ခေါင်းရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ကြိုသက်)၌ စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပညာရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (ကြိုသက်)ရှိ ပညာ့ရောင်ခြည်ခန်းမအတွင်း၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ဆက်လက်ကျင်းပသည်။ အခမ်းအနားတွင် အောင်အင်းလေးဆောက်လုပ်ရေး ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်လတ်လတ်အောင်က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပညာရေးမှူး ဦးခင်ဇော်ထွန်းကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အဆိုပါ အလျားပေ ၁၄၀၊ အနံပေ ၃၀ အာရ်စီနှစ်ထပ် ကျောင်းဆောင်သစ်ကို ၂၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၂၅ ဒသမ ၉၆၂ သန်းဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

ရဲထက်ဦး(ပြန်/ဆက်)

# ဒဂုံမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၂** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်း အသိပညာပေးလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၄ ရက်မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး နယ်မြေခရိုင် လေးခုရှိ မြို့နယ်လေးမြို့နယ်တို့တွင် မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်း အစီအစဉ်ကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်း ပထမနေ့အဖြစ် ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒဂုံမြို့နယ်မှ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဒဂုံမြို့နယ်အတွင်းရှိ ရပ်ကွက် ငါးရပ်ကွက်မှ မဲဆန္ဒရှင်ပြည်သူ ၂၄၅ဦး စုစုပေါင်း မဲဆန္ဒရှင်ပြည်သူ ၄၃၂ ဦး တက်ရောက်ကာ လက်တွေ့စမ်းသပ် မဲပေးလေ့လာ ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာ ခရိုင်/ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# တော်လှန်ရေးလား အကြမ်းဖက်လား ကွဲကွဲပြားပြား ဖြစ်လာပါတော့မယ်

စွမ်းပြည့်

❖ သတင်းတု၊ သတင်းမှား၊ ကောလာဟလတွေနဲ့ ပြည်သူကို အဆိပ်ခတ်နေကြဆဲ ဖြစ်ပါတယ်။ အရှေ့မြောက် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးလမ်းကြောင်းအားလုံး ဖျက်ဆီးပြီး စီးပွားရေးကို ရိုက်ချိုးဖို့ လုပ်နေကြတယ်။ ပြည်သူအမြောက်အမြား အတိဒုက္ခဖြစ်ရပြီး လူမှုစီးပွားဘဝများစွာ ယိုယွင်းပျက်စီးရတယ်။ လူထုအကျပ်အတည်းဖန်တီးပြီး မြေပေါ်အုံကြွမှုဖြစ်အောင် ဇာတ်လမ်းဆင်ကြပြန်တယ်။ ဒါတွေ ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူကနောက်ကွယ်က အားပေးနေလဲ စဉ်းစားတတ်သူတိုင်း သိကြမယ်၊ ဆင်ခြင်နိုင်သူတိုင်း ရိပ်မိကြမယ် ထင်ပါတယ်။ ကမ္ဘာကျော် CIA အဖွဲ့ကြီးရှိနေတဲ့ အမေရိကန်နိုင်ငံလို မသိချင်ယောင်ဆောင်တာသာဖြစ်ချင်ဖြစ်မယ်၊ အမြဲမပြတ်စောင့်ကြည့်ပြီး အဖြစ်အပျက်အများစုကို မသိမဟုတ် သိနေတဲ့နိုင်ငံများစွာလည်း ရှိနေပါတယ်

မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အကြမ်းဖက်မှုအားလုံးရဲ့ထက်ဝက်ခန့်ဟာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ကျူးလွန်နေခြင်းဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်တဲ့ Country reports on terrorism 2022 ဟာ ထူးခြားအံ့သြစရာ မဟုတ်ပေမယ့် အလေးအနက် ထားစရာတစ်ခုတော့ ဖြစ်ခဲ့ပါတယ်။

အမေရိကန်အစိုးရအနေနဲ့ ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှုများနဲ့ ပတ်သက်ပြီး ဘယ်လောက်အလေးအနက်ထားတယ်၊ သတင်းအချက်အလက်တွေကို ဘယ်လိုမျှဝေတယ်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးမူဝါဒကို ဘယ်လိုပုံဖော်တယ်ဆိုတာ ယခုထုတ်ပြန်ချက် ကြည့်ရုံနဲ့ အကဲခတ်နိုင်ပါတယ်။ အံ့သြစရာမဟုတ်ဘူးဆိုတဲ့အချက်က မြန်မာနိုင်ငံက PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ (အကြမ်းဖက်စစ်စစ်တွေ) ရဲ့ ကြမ်းကြုတ်ရက်စက်မှုပုံစံမျိုးစုံနဲ့ အတိမ်အနက်ကို ပြည်သူအများစုကြီးက မူလကတည်းက သိရှိလက်ခံပြီးဖြစ်တဲ့အတွက် ဒါဟာဘာမှ ထူးခြားတဲ့အရာ မဟုတ်တဲ့အတွက်ကြောင့်ပါ။

အလေးအနက်ထားရမယ့်အချက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနဟာ ဒီသုတေသနပြုချက်ကို ယခုအချိန်ကျမှ ဘာကြောင့် ထုတ်ပြန်ရပါသလဲ။ သူတို့ကိုယ်တိုင် Burma Act အမည်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အမည်ခံ တော်လှန်ရေးတပ်ဖွဲ့တွေဆိုပြီး အမွှမ်းတင် ထောက်ပံ့ခဲ့ကြတာပဲ။ report အရ သူတို့ထောက်ခံနေတဲ့ တော်လှန်ရေးအဖွဲ့တွေဟာ အကြမ်းဖက်တွေမှန်း သူတို့ကိုယ်တိုင် ကွဲကွဲပြားပြားသိလာတဲ့အခါ အနာဂတ်မှာ ဖြစ်လာမယ့်အကြမ်းဖက်ဇာတ်လမ်းတွေဟာ ဘယ်လိုစခန်းသိမ်းသွားမလဲဆိုတဲ့အချက်က ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာပါတယ်။

## အရှိန်အဟုန်နှင့်ဖြစ်နေဆဲ မဆုံးနိုင်သေးတဲ့ လွန်ကျူးမှုများ

နိုင်ငံတော်အစိုးရနဲ့ပြည်သူတွေအတွက်ကတော့ နောက်တောင်ကျနေပြီဖြစ်တဲ့ ယခု ထုတ်ပြန်ချက်ဟာ အထူးခြားကြီးတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံက အပြစ်မဲ့ ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေဟာ PDF အမည်ခံအကြမ်းဖက်အဖွဲ့နဲ့ သူတို့ကို ထောက်ပံ့ထားတဲ့ NUG နဲ့ EAOs တွေရဲ့ ဆိုးရွားလွန်းတဲ့ အကြမ်းဖက်မှုဒဏ်ရာဒဏ်ချက်မျိုးစုံကို နင့်နေအောင်ခံစားခဲ့ကြရတာ သုံးနှစ်ရှိပါပြီ။ အိုအိုငယ်ငယ် အရွယ်မရွေး၊ ရဟန်းသံဃာမချန် ငါနဲ့မတူငါ့ရန်သူ အကုန်သတ်၊ အကုန်ဖျက်၊ အတော့်ကို ဆိုးရွားရက်စက်လွန်းလှတဲ့ သတ်ဖြတ်ဖျက်ဆီးမှုပေါင်းစုံဟာ ယခုအချိန်အထိ အတောမသတ်သေးပါဘူး။

လမ်းပန်းဆက်သွယ်ရေးတွေပြတ်တောက်အောင် လမ်းတံတားတွေ မိုင်းထောင် ဗုံးခွဲဖျက်ဆီး၊ စာသင်ကျောင်းတွေ၊ လျှပ်စစ်တာဝါတိုင်တွေဖျက်ဆီးခံရ၊ ဆရာ ဆရာမတွေ ပြန်ပေးဆွဲ၊ ဆက်ကြေးခွဲခံရတဲ့အထိ မိုက်တွင်းနက်နေကြဆဲပါ။ မိမိတို့အိမ်တွေ၊ ရွာတွေ၊ ပြည်သူပိုင်ဈေးတွေ ဖျက်ဆီးခံရပြီး စစ်ဘေးရှောင်ဘဝရောက်ကြရ၊ ပစ္စည်းတွေ လုယက်အခိုးခံကြရနဲ့ ဆိုးရွားလွန်းပါတယ်။

သတင်းတု၊ သတင်းမှား၊ ကောလာဟလတွေနဲ့ ပြည်သူကို အဆိပ်ခတ်နေကြဆဲ ဖြစ်ပါတယ်။ အရှေ့မြောက် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးလမ်းကြောင်းအားလုံးဖျက်ဆီးပြီး စီးပွားရေးကို ရိုက်ချိုးဖို့ လုပ်နေကြတယ်။ ပြည်သူအမြောက်အမြား အတိဒုက္ခဖြစ်ရပြီး လူမှုစီးပွားဘဝများစွာ ယိုယွင်းပျက်စီးရတယ်။ လူထုအကျပ်အတည်းဖန်တီးပြီး မြေပေါ်အုံကြွမှုဖြစ်အောင် ဇာတ်လမ်းဆင်ကြပြန်တယ်။ ဒါတွေ ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူကနောက်ကွယ်က အားပေးနေလဲ စဉ်းစားတတ်သူတိုင်း သိကြမယ်၊ ဆင်ခြင်နိုင်သူတိုင်း ရိပ်မိကြမယ်ထင်ပါတယ်။ ကမ္ဘာကျော် CIA အဖွဲ့ကြီးရှိနေတဲ့ အမေရိကန်နိုင်ငံလို မသိချင်ယောင် ဆောင်တာသာဖြစ်ချင်ဖြစ်မယ်၊ အမြဲမပြတ်စောင့်ကြည့်ပြီး အဖြစ်အပျက်အများစုကို မသိမဟုတ် သိနေတဲ့နိုင်ငံများစွာလည်း ရှိနေပါတယ်။

## ကိန်းဂဏန်းစာရင်းများနဲ့ တိတိကျကျ အကြမ်းဖက်အချက်အလက်များ

အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် ဘီတက်စ်ဒါမြို့ ကမ္ဘာ့အကြမ်းဖက်မှု အလားအလာနှင့် သုတေသနပြုစင်တာကနေ နိုင်ငံခြားရေးဝန်ကြီးဌာန အကြမ်းဖက်တိုက်ဖျက်ရေးဗျူရိုအတွက် ယခုနှစ်ထုတ်ပြန်ချက်က ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံဟာ ကမ္ဘာ့အကြမ်းဖက်မှုနဲ့ သေကျေမှု ၃၉၁ မှုနဲ့ ၁၀ နိုင်ငံစာရင်းထဲမှာ နံပါတ်ရှစ်နေရာက ပါဝင်နေတယ်လို့ ဆိုထားပါတယ်။ ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုကြောင့် သေဆုံးမှုစုစုပေါင်း ၂၁၃၀ ရှိခဲ့ရာမှာ ကမ္ဘာမှာ အကြမ်းဖက်သေဆုံးမှုအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းကို မြန်မာ PDF အကြမ်းဖက်များက ကိုယ်စားပြုထားပါတယ်တဲ့။

၂၀၂၁ ခုနှစ်ထက်စာရင် အကြမ်းဖက်မှုတွေပိုများလာကြောင်းလည်း ပြသနေပါတယ်။ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းခန့်ကို ကျူးလွန်နေတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုတော့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အဖြစ် တံဆိပ်ခတ်လိုက်ပြီး ချင်းကာကွယ်ရေးအဖွဲ့ (CDF) က ခုနစ်ရာခိုင်နှုန်း၊ ကရင်နီလူမျိုးစုသောင်းကျန်းသူများက ခုနစ်ရာခိုင်နှုန်းအသီးသီးနဲ့ ကိုယ်စီကိုယ်င အကြမ်းဖက်လူမိုက် စာရင်းဝင်များ ဖြစ်သွားကြပါပြီ။ အကြမ်းဖက်မှုအရေအတွက် အမျိုးအစားနဲ့ ဒေသအလိုက်ဖြစ်ပွားမှုအများဆုံးကို အသေးစိတ်ဖော်ပြရာမှာ တပ်မတော်နဲ့ပတ်သက်ပြီး အကောင်းအဆိုး အကြောင်းအကျိုးအချက်အလက်များမပါခဲ့ဘဲ PDF အကြမ်းဖက်အဖွဲ့တွေ နဲ့ပတ်သက်ပြီး ယခင်က မကြုံခဲ့ဖူးတဲ့ ကိန်းဂဏန်းစာရင်းများကိုသာ တိတိကျကျနဲ့ ထုတ်ပြန်လာတာ တွေ့ရပါတယ်။

အမှန်မှာ မြန်မာနိုင်ငံက လက်နက်ကိုင်အကြမ်းဖက်မှုတွေဟာ အခြေခံ အကြောင်းတရားက တစ်ခုတည်းရှိပါတယ်။ ကိုယ်ကျိုးစီးပွားသက်သက်ပါပဲ။ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးနဲ့ ကိုယ့်လူမျိုးစု၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ် ကိုယ့်ဘာသာသာသနာ၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဘာတစ်ခုမှ အခြေမခံပါဘူး။ မိမိနဲ့မိမိအမျိုး တစ်စုကောင်းစားရေး၊ ကိုယ်ကျိုးစီးပွားတည်ဆောက်ပြီး ချမ်းသာကြွယ်ဝရေးသက်သက်ပါပဲ။ ဒါကြောင့်လည်း ဒေသအလိုက်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက လုပ်ပေးထားတဲ့ အခြေခံအဆောက်အအုံမှန်သမျှ အဖျက်သက်သက် ဖျက်ဆီးနေကြခြင်းဖြစ်ပါတယ်။

နိုင်ငံကို ရရင်ရသလောက် နိုင်ရာစားဘဝနဲ့ တစ်စစီတစ်ဖွဲ့စီ ဖွဲ့ယူကြမယ့်သူတွေသာ ဖြစ်ပါတယ်။ ရခဲ့ရင်လည်း ပြည်နယ်တစ်ပြည်နယ်ထဲမှာကို လက်နက်ကိုင်အဖွဲ့က အနည်းဆုံး နှစ်ဖွဲ့သုံးဖွဲ့ရှိနေတာကြောင့် နောက်ဆုံး ပြိုကွဲပျက်စီးဖို့ပဲ ရှိပါတော့တယ်။ နိုင်ငံမှာ ထိန်းမနိုင်သိမ်းမရ အစိတ်စိတ်အမြွှာမြွှာပြိုကွဲပျက်စီးပြီး တစ်နိုင်ငံလုံးအလုံးစုံ ပျက်သုဉ်းရေးသည်ပင် သူတို့ရဲ့အန္တိမရည်မှန်းချက်ဖြစ်ပါတယ်။

## သက်ရောက်မှုနှင့်အတူ အနာဂတ်အိပ်မက်ဆိုးများ

ဒါကြောင့် နောက်ဆက်တွဲ အမေရိကန်နောက်လိုက် အနောက် EU အဖွဲ့အစည်းများနဲ့ UN အဖွဲ့တွေအနေနဲ့က ယခုလို တရားမဝင်လက်နက်ကိုင်အားလုံးကို အကြမ်းဖက်များလို့ ကြေညာလိုက်သလိုဖြစ်သွားစေတဲ့ ဒီစာရင်းဇယားရဲ့ သက်ရောက်မှုအပေါ်မှာ နှာစေးနေလို့ရမယ် မထင်တော့ပါဘူး။ နိုင်ငံနဲ့ပြည်သူအပေါ် ရက်စက်ပြနေတဲ့ လက်နက်ကိုင်မှန်သမျှသည် အကြမ်းဖက်အဖွဲ့တွေသာဖြစ်သည်ဆိုတဲ့ အချက်အလက်တွေဟာ နောင်မှာယခုထက်ပိုပြီး ကွဲကွဲပြားပြား ဖြစ်လာမယ်လို့ သုံးသပ်မိပါတယ်။

မူလကတည်းက ဘယ်လိုမှ လက်ခံလို့မရတဲ့ အကြမ်းဖက်တွေအတွက် ပြည်ပထောက်ပို့တွေမှာ အကန့်အသတ်တွေ ရှိလာနိုင်ပြီး အကြမ်းဖက်ခြင်းကို လုံးဝလက်မခံလောက်တဲ့ ထိုးနှက်ချက်တွေအဖြစ် ရုပ်လုံးပေါ်လာနိုင်ပါတယ်။ သူတို့အဆိုအရ အနာဂတ်ဒီမိုကရေစီတော်လှန်ရေးကြီးမှာ အိပ်မက်ဆိုးတွေ မလွဲမသွေ ကြုံရတော့မှာ ဖြစ်ပါတယ်။ လုပ်ခဲ့တဲ့၊ ဖြစ်ခဲ့တဲ့အကြမ်းဖက်မှုတွေအတွက် တာဝန်ရှိတဲ့သူတွေသည် တာဝန်ခံကြရတော့မှာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဖြစ်စဉ်တွေအရလည်း အကြမ်းဖက်နဲ့ ထမင်းလုံးတစ္ဆေခြောက်ခံနေရတဲ့ အမေရိကန်ဟာ သူအစာကျွေးထားတဲ့လက် ကိုယ်ပြန်ကိုက်ခံရမှာတော့ ကြောက်တတ်သူပါ။ အချိန်တန်ရင် အိမ်ရှင်ကမောင်းထုတ်ခံရတဲ့ ဧည့်သည်တွေလို တစ်ခါသေဖူးပျဉ်ဖိုးနားလည်သူတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူ့အတွက် အကျိုးမရှိဘူးထင်ရင် သန်းနဲ့ချီပြီးရင်းထားရတဲ့ Burma Act ကတောင် ပြန်လည်နောက်ဆုတ်ဖို့ ဝန်မလေး၊ ဘုရားပြီးငြမ်းဖျက်မယ့်အလားအလာများရှိတယ်ဆိုတာ ယနေ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ (EAOs ) က တွက်ချက်နားလည် သဘောပေါက်ထားကြဖို့ပဲ ဖြစ်ပါတယ်။

❑ မူလကတည်းက ဘယ်လိုမှ လက်ခံလို့မရတဲ့ အကြမ်းဖက်တွေအတွက် ပြည်ပထောက်ပို့တွေမှာ အကန့်အသတ်တွေ ရှိလာနိုင်ပြီး အကြမ်းဖက်ခြင်းကို လုံးဝလက်မခံလောက်တဲ့ ထိုးနှက်ချက်တွေအဖြစ် ရုပ်လုံးပေါ်လာနိုင်ပါတယ်။ သူတို့အဆိုအရ အနာဂတ် ဒီမိုကရေစီတော်လှန်ရေးကြီးမှာ အိပ်မက်ဆိုးတွေ မလွဲမသွေ ကြုံရတော့မှာ ဖြစ်ပါတယ်။ လုပ်ခဲ့တဲ့၊ ဖြစ်ခဲ့တဲ့ အကြမ်းဖက်မှုတွေအတွက် တာဝန်ရှိတဲ့သူတွေသည် တာဝန်ခံကြရတော့မှာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဖြစ်စဉ်တွေအရလည်း အကြမ်းဖက်နဲ့ ထမင်းလုံးတစ္ဆေခြောက်ခံနေရတဲ့ အမေရိကန်ဟာ သူအစာကျွေးထားတဲ့လက် ကိုယ်ပြန် ကိုက်ခံရမှာတော့ ကြောက်တတ်သူပါ။ အချိန်တန်ရင် အိမ်ရှင်ကမောင်းထုတ်ခံရတဲ့ ဧည့်သည်တွေလို တစ်ခါသေဖူးပျဉ်ဖိုးနားလည်သူတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူ့အတွက် အကျိုးမရှိဘူး ထင်ရင် သန်းနဲ့ချီပြီးရင်းထားရတဲ့ Burma Act ကတောင် ပြန်လည်နောက် ဆုတ်ဖို့ဝန်မလေး၊ ဘုရားပြီး ငြမ်းဖျက်မယ့်အလားအလာများရှိတယ်ဆိုတာ ယနေ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေ (EAOs) က တွက်ချက်နားလည်သဘောပေါက်ထားကြဖို့ပဲ ဖြစ်ပါတယ်

## ကိုယ့်အကျိုးစီးပွားနဲ့ကိုယ်၊ ကိုယ်ကျိုးသက်သက်သာ

ဘယ်လိုပဲဖြစ်ဖြစ် ယခုလို ထုတ်ပြန်ချက်အပေါ်မှာ အပြုသဘောဆောင်တဲ့ ခြေလှမ်းတစ်ခုအဖြစ်နဲ့တော့ တရားသေမှတ်ယူလို့မရပါဘူး။ နိုင်ငံတော်နဲ့ တပ်မတော်အပေါ် ဘက်ပေါင်းစုံအင်အားချည့်နဲ့အောင် လုပ်နေတဲ့ အနောက်အုပ်စုရဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် နိုင်ငံရေးကစားကွက်အောက်မှာ အလုံးစုံပျက်သုဉ်းရေး အဖျက်လုပ်ရပ်တွေဟာ တစိုက်မတ်မတ်ရှိနေဆဲဖြစ်တယ်ဆိုတာ နားလည်ထားရပါမယ်။

*စာမျက်နှာ ၁၁ သို့*

# နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်

**မုံရွာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်က ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်-၂ တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နမ့်ပငအသေးစား ရေအားလျှပ်စစ် စီမံကိန်းကြီး ပြီးစီးပါက ဟုမ္မလင်းမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည် ဖြစ်ရာ လုပ်ငန်းများ သက်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးရန် လိုအပ်ကြောင်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်း တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ပင်မတမံ ကွန်ကရစ် သွန်းလောင်းခြင်း လုပ်ငန်း၊ ရေယူအဆောက်အအုံ ဆောက်လုပ်မှု လုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် မြေနေရာရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နမ့်ပငအသေးစား ရေအားလျှပ်စစ် စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ၊ နားသကျိုက် ကျေးရွာအနီးတွင် တည်ရှိပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ် လျှပ်စစ်ဓာတ်အား ပျမ်းမျှ ၃၄ ဒသမ ၆၈ သန်းကီလိုဝပ်နာရီ ထုတ်လုပ်နိုင်မည် ဖြစ်သည်။ တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်ကာ ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၄၂ ဒသမ ၂၆ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့ ခရိုင်စုပေါင်းရုံး အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက်ရှိ ဓမ္မဝိစယဗိမာန်တော်ကြီး၌ ပြုလုပ်သော ရွှေပြည်အေးမြို့၊ လောင်းမင်းကျေးရွာ၊ ဇီးပင်သာကျေးရွာနှင့် နောင်ဆန်းကျင်ကျေးရွာများမှ ယာယီတိုက်ပွဲရှောင် ပြည်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးနေမှုနှင့် ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ရွှေပြည်အေးမြို့၊ လောင်းမင်းကျေးရွာ၊ ဇီးပင်သာကျေးရွာနှင့် နောင်ဆန်းကျင်ကျေးရွာများမှ အိမ်ထောင်စု ၂၄၉ စု၊ လူဦးရေ ၉၅၆ ဦးအတွက် တစ်လစာ ဆန်ရိက္ခာဖိုးငွေကျပ် ၈၆၀၄၀၀၀ အား ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် မိသားစုသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**နတ်မောက် ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတ ကြွယ်ဝသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်နှင့် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကျင်းပရာ မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)တို့မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**



# စက်သုံးဆီကို သတ်မှတ်ဈေးနှုန်းထက် ကျော်လွန်ရောင်းချပါက ထိရောက်စွာ အရေးယူမည်

**မုဒုံ ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်အခြားကဏ္ဍများတွင် စက်သုံးဆီပြတ်လပ်မှုမရှိစေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆီဆိုင်ပိုင်ရှင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက မုဒုံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးစီမံကိန်းများတွင် လိုအပ်သည့် စက်သုံးဆီများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီး လိုအပ်ပါက အဆင်သင့်ရောင်းချပေးနိုင်ရန်၊ ပြည်သူများအနေဖြင့်လည်း စက်သုံးဆီများကို လိုအပ်သလောက်သာ ဝယ်ယူဖြည့်တင်းကြရန်၊ ဆိုင်ရှင်များကလည်း သတ်မှတ်ဈေးနှုန်းများထက် ကျော်လွန်ရောင်းချပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ တရားဝင်ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီဆိုင် ၁၉ မှ ဆိုင်ပိုင်ရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သားငယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ယခုအစီရင်ခံစာကြောင့် ပြည်တွင်းအကြမ်းဖက် EAOs များနဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအပေါ် အနည်းနဲ့အများ သက်ရောက်မှုများရှိလာနိုင်မှာဖြစ်ပြီး သူတို့ရဲ့ မီးစာကုန် ဆီခန်း၊ အဆုံးသတ်အကြမ်းဖက်မှုတွေကို ပိုပြီးလည်း လုပ်လာနိုင်ပါတယ်။ ဘိန်းဘုရင်တွေ နယ်မြေသိမ်းဖို့ လုပ်နေကြသလို အကြမ်းဖက်လက်နက်ကိုင် အားလုံးဟာ သူ့ရည်ရွယ်ချက်နဲ့သူပါ။ နောက်ကွယ်က ကူညီသူအားလုံးလည်း သူ့အကြံနဲ့သူ၊ သူ့အကျိုးစီးပွားနဲ့သူပါ။

မနေ့တစ်နေ့ကပဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အစ္စရေး-ဟားမားစ်စစ် တစ်ခဲနက်အပစ်ရပ်တောင်းဆိုချက်အမိန့်ကို အမေရိကန်ဘက်က မလေးမစား ဗီတိုသုံး ပယ်ချလိုက်တာကြည့်ရင် သိနိုင်ပါတယ်။ မိမိတို့ပြည်သူတွေသိဖို့က အမေရိကန်ဟာ မြန်မာ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအပေါ် အကြမ်းဖက်တံဆိပ်တပ်နေစဉ် တစ်ချိန်တည်းမှာ ဂါဇာစစ်မှာ အစ္စရေးကို လက်နက်အကြီးအကျယ်ထောက်ပံ့ပြီး လူ့အခွင့်အရေးကျူးလွန်မှုတွေမှာ ကြံရာပါအဖြစ် ရပ်တည်နေတယ်ဆိုတာပါပဲ။

အမေရိကန်နဲ့ အနောက်အုပ်စုဟာ သူတို့ ရေရှည်အကျိုးစီးပွားထိခိုက်မှာကို ဘယ်တော့မှ မစွန့်လွှတ်တတ်ဘူး၊ ဘယ်တော့မှလည်း မရပ်တန့်တတ်ဘူးဆိုတာ သိသာတဲ့အချက်ဖြစ်ပြီး အမေရိကန်တွေဟာ သူတို့ထောက်ပံ့ခဲ့တာတွေအတွက် အတိုးရောအရင်းပါ ပြန်ယူတတ်တဲ့သူတွေဆိုတာကိုလည်း သိထားဖို့လိုပါတယ်။

**ဒီလိုအချိန်မှာ ပြည်တွင်းပြည်ပ ကောက်ကျစ်မှုနဲ့ကြမ်းကြုတ်မှုတွေ** အပေါ် နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူများရဲ့ ခံနိုင်ရည်အားက များစွာအရေးကြီးလာပြီဖြစ်ပါတယ်။ ယုတ်မာတဲ့သူဆိုတာ ပြုပြင်နိုင်ခဲလှပါတယ်။ စေတနာမေတ္တာနဲ့အချိန်ပေးခဲ့တာ တန်ရဲ့လား၊ သူယုတ်မာနဲ့သူတော်ကောင်းအကြား ပြည်သူတွေရဲ့ သုံးသပ်ချက်ဟာ ကွဲကွဲပြားပြားရှိလာပြီလို့လည်း ယူဆမိပါတယ်။ အဓိကအချက်က ဘယ်သူတွေ ဘာပြောပြော၊ ဘာသုတေသနပဲလုပ်လုပ် နိုင်ငံအကျိုးအခြေခံတဲ့ ဘုံရည်မှန်းချက် တူညီဖို့က အရေးကြီးဆုံးပါပဲ။

> ❍ **တည်ငြိမ်ရေးက ယခုအချိန်မှာ အရေးကြီးဆုံးဖြစ်တဲ့အတွက် တည်ငြိမ်အေးချမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးမှာ တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးဖို့ဖြစ်ပါတယ်။ ဘုံရန်သူကဘယ်သူလဲ၊ ပြည်သူကို လက်တွေ့ကာကွယ်စောင့်ရှောက်နသူက ဘယ်သူလဲ၊ ဘယ်သူ့ကို ယုံကြည်သင့်ပါသလဲဆိုတာ သိနားလည်ပြီးသကာလ ရည်မှန်းချက်လည်းတူမယ် ညီညွတ်မှုလည်းရှိကြမယ်ဆိုရင် အချိန်မီကုသဖို့ဆေးလည်း ပေါ်လာမှာဖြစ်ပါတယ်**

တည်ငြိမ်ရေးက ယခုအချိန်မှာ အရေးကြီးဆုံးဖြစ်တဲ့အတွက် တည်ငြိမ်အေးချမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးမှာ တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးဖို့ဖြစ်ပါတယ်။ ဘုံရန်သူက ဘယ်သူလဲ၊ ပြည်သူကို လက်တွေ့ ကာကွယ်စောင့်ရှောက်နေသူကဘယ်သူလဲ၊ ဘယ်သူ့ကို ယုံကြည်သင့်ပါသလဲဆိုတာ သိနားလည်ပြီးသကာလ ရည်မှန်းချက်လည်းတူမယ် ညီညွတ်မှုလည်းရှိကြမယ်ဆိုရင် အချိန်မီကုသဖို့ဆေးလည်း ပေါ်လာမှာဖြစ်ပါတယ်။

အကြမ်းဖက်နဲ့ အကြမ်းဖက်အားပေးများအတွက် ယခုလိုအချိန်ဟာ မိမိတို့အတွက် အလှည့်အပြောင်း turning point တစ်ခုဖြစ်ကြောင်း အစီရင်ခံစာအပေါ် များစွာအလေးထားသတိမူပြီး အကြမ်းဖက်မှုတွေကို လုံးဝစွန့်လွှတ်ချိန်တန်ပြီလို့သာ တိုက်တွန်းချင်ပါတယ်။ အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်များ၊ ပညာဉာဏ်ပြည့်တဲ့ တိုင်းရင်းသားပြည်သူများနဲ့အတူ အကြမ်းဖက်တွေအနေနဲ့ မိမိတို့ရဲ့ လုပ်ရပ်များကို သုံးသပ်အဖြေရှာပြီး ပြည်သူ့အသံနားစွင့်ကာ အေးချမ်းမှုကို အတူရှာဖွေကြဖို့ပဲဖြစ်ပါတယ်လို့ ဆိုလိုက်ပါရစေ။ ။

## မိုင်းဆတ်မြို့၌ (၃၁)ကြိမ်မြောက် ရှမ်းနှစ်သစ်ကူးအခမ်းအနားကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် (၃၁)ကြိမ်မြောက် ရှမ်းနှစ်သစ်ကူး အခမ်းအနားကို ယနေ့နံနက်ပိုင်းက မယ်ဆွမ် မြောက်ရပ်ကွက်ရှိ ကားလေးကွင်းအတွင်း၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားကို ဗိုလ်မှူးကြီး ဇင်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးနိုင်လင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်နှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းခမ်းကျောက် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သဘာပတိ ဦးစိုင်းအေးမင်း က အမှာစကား ပြောကြားပြီးနောက် ဗဟို ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း တောင်ကြီးမြို့ မှ ပေးပို့လာသောသဝဏ်လွှာကို မိုင်းဆတ်မြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ အတွင်း ရေးမှူး ဦးစိုင်းဆာအောင်က ဖတ်ကြားကာ ရှမ်းနှစ်သစ်ကူးသမိုင်းကျဉ်းကို နန်းယိမ်းနွမ်ဟွမ် က မြန်မာဘာသာဖြင့် ဖတ်ကြားသည်။

ထို့နောက် ရှမ်းနှစ်သစ်ကူးသမိုင်းကျဉ်းကို နန်းခိုင်မိုက ရှမ်းဘာသာဖြင့်ဖတ်ကြားကာ မိုင်းဆတ်မြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ရှမ်းစာပေနှင့်ယဉ်ကျေးမှုပြခန်းကို လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြင့်မောင်
(မိုင်းဆတ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အမျိုးသားနေ့အနှစ်သာရများကို ဖော်ဆောင်ကြစေရေး”** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တူယှဉ်ဆင်နွှဲ ခရစ္စမတ်ပွဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း နှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တာချီလိတ်မြို့၌ (၁၆)ကြိမ်မြောက် အာခါတိုင်းရင်းသားများ စုပေါင်းခါးထောင်းဖား ပွဲတော်ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အာခါ တိုင်းရင်းသားတို့၏ (၁၆)ကြိမ် မြောက် အာခါတိုင်းရင်းသားများ စုပေါင်း ခါးထောင်းဖားပွဲတော်ကို ဒီဇင်ဘာ ၁၀ ရက်က တာချီလိတ် မြို့ ပါလျှံ ၁ ရပ်ကွက် တာဟွာ ခန်းမ၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သူရဇော်လွင်စိုးက အာခါ တိုင်းရင်းသားများသည် အာခါ “ဇန်း” ခေါ် ယုံကြည် ကိုးကွယ်မှု ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ အပြင် ထူးခြားသည့် ဝတ်စား ဆင်ယင်မှုကိုလည်း ယနေ့တိုင် ဖော်ထုတ် ထိန်းသိမ်းလျက်ရှိ ကြောင်း၊ ဘိုးဘေးတို့အား အောက်မေ့ဂုဏ်ပြုသော ကောင်း သောအကျင့်နှင့်အတူ ပွဲတော် များကို ကျင်းပခြင်းဖြင့် ထိန်းသိမ်း လာခဲ့ကြောင်း၊ ခါးထောင်းဖားပွဲတော်ကို စဉ်ဆက် မပြတ် ကျင်းပခြင်းဖြင့် မိမိ၏ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ဆောင်နိုင်ကြပါစေကြောင်း အမှာစကားပြောကြားပြီး အာခါ တိုင်းရင်းသား အကြီးအကဲ ဦးမင်းညိုက အာခါရိုးရာ စုပေါင်း ခါးထောင်းဖား ပွဲတော် ပြုလုပ် ခြင်းနှင့် ပတ်သက်၍ သမိုင်း ကြောင်းကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ အာခါတိုင်းရင်း သားများ စုပေါင်းခါးထောင်းဖား ပွဲတော်အတွက် အလှူငွေများ ပေးအပ်ရာ ပွဲတော်ဖြစ်မြောက် ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ကြွေ၊ အဖွဲ့ဝင် ဦးအားမဲနှင့် တာဝန်ရှိသူ တို့က လက်ခံရယူပြီး အမှတ်တရ လက်ဆောင်များ ပြန်လည် ပေးအပ်သည်။ ယင်းနောက် အာခါတိုင်းရင်းသား မောင်မယ် များက ရိုးရာအကနှင့် တေးသံသာ များဖြင့် သီဆိုဖျော်ဖြေတင်ဆက် မှုများကို ကြည့်ရှုအားပေးကြ သည်။



အာခါတိုင်းရင်းသားတို့သည် ခါးထောင်းဖားပွဲတော်ကို ရှေးပဝေ သဏီကတည်းက မိသားစု အလိုက်၊ ရပ်ရွာအလိုက်နှင့် ဒေသ အလိုက်သာ ကျင်းပခဲ့ကြပြီး ယခုအခါ အာခါတိုင်းရင်းသား ညီအကိုများ၏ စည်းလုံးညီညွတ် ခြင်းကို အခြေခံကာ အာခါ တိုင်းရင်းသားများ စုပေါင်း ခါးထောင်းဖားပွဲတော် အဖြစ် ကျင်းပလာခဲ့သည်မှာ (၁၆)ကြိမ် မြောက် ရှိပြီဖြစ်ကြောင်း သိရ သည်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)



## မင်္ဂလာတောင်ညွန့်ရှိ ဈေးများ၌ မီးဘေးအန္တရာယ် ကာကွယ်ရေးအသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် မင်္ဂလာမွန်ဈေး၊ ရွှေမင်္ဂလာဈေး၊ မင်္ဂလာဈေးသစ်နှင့်ရွှေပြည့်စုံဈေးတို့ တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးအသိပညာပေး ခြင်းကို ဒီဇင်ဘာ ၁၁ ရက်က ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေလင်းဦး ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး၊ အရေးပေါ် မီးငြှိမ်းသတ်ရေးပစ္စည်းများနှင့် အရေးပေါ် မီးငြှိမ်းသတ်ရေးစနစ်များကို စစ်ဆေး၍ ဈေးများအတွက် လိုအပ်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## မင်းဘူး(စကု)မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော် ထုတ်ချေးပေးထား

**မင်းဘူး ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း စီးပွားရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော်ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဒုတိယအကြိမ် ချေးငွေထုတ်ချေးပေးအပ်ခြင်းကို ဒီဇင်ဘာ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ကြရာ စိုက်ပျိုးရေးကဏ္ဍတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် မြေအောက်ရေရရှိရေးလုပ်ငန်းဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူငါးဦး၊ မွေးမြူရေးကဏ္ဍတွင် နွားမွေးမြူရေးလုပ်ကိုင်သူတစ်ဦးနှင့် အသားတိုးကြက်မွေးမြူရေးလုပ်ကိုင်သူနှစ်ဦး စုစုပေါင်းလုပ်ငန်းရှင်ရှစ်ဦးအား ချေးငွေကျပ် ၄၁ ဒသမ ၄၉ သန်းကို သက်သာသောအတိုးနှုန်းထားဖြင့် ထုတ်ချေးပေးသည်။

မင်းဘူး(စကု)မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ယခင်ပထမအကြိမ် ထုတ်ချေးမှုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ကုန်ထုတ်လုပ်ရေးကဏ္ဍများ၌ လုပ်ငန်းရှင် ၂၀၊ ယခုအခါ ဒုတိယအကြိမ်တွင် လုပ်ငန်းရှင်ရှစ်ဦး စုစုပေါင်းလုပ်ငန်းရှင် ၂၈ ဦးတို့အား ချေးငွေနှစ်ကြိမ်စုစုပေါင်းငွေကျပ် ၃၈၇ ဒသမ ၈၄ သန်း(ကျပ်သိန်းပေါင်း ၃၈၇၈၄၀၀၀၀)ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။



အဆိုပါချေးငွေများကို ကျပ် ၁၀၀ လျှင် ပြား ၇၀ အတိုးနှုန်းထားဖြင့် ထုတ်ချေးပေးခဲ့ပြီး ချေးငွေပြန်လည်ပေးဆပ်ချိန် သတ်မှတ်ကာလမှာ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီသီးနှံဖြစ်ပါက တစ်နှစ်၊ မွေးမြူရေးကဏ္ဍတွင် ကျွဲ၊ နွားဖြစ်ပါက သုံးနှစ်၊ အခြားတိရစ္ဆာန်ဖြစ်ပါက တစ်နှစ်၊ MSME ကဏ္ဍတွင် သုံးနှစ်ဟူ၍ သတ်မှတ်ပေးထားကြောင်း၊ သတ်မှတ် အတိုးနှုန်းထားနှင့် အရစ်ကျငွေများကို လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ခြောက်လတစ်ကြိမ် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်
(မင်းဘူး)

# အစ္စရေးစစ်ဘက်က ပါလက်စတိုင်းစကွဲကို ထိန်းသိမ်းပြီး ဟားမားစ်တို့၏အဓိကခြေကုပ်နေရာများကို ဆက်လက်တိုက်ခိုက်လျက်ရှိ

**ဂါဇာ ဒီဇင်ဘာ ၁၂**

အစ္စရေးစစ်ဘက်က ဟားမားစ်တို့၏ အဓိကခြေကုပ်ဖြစ်သော ဂါဇာမြို့ရှိ ပါလက်စတိုင်းစကွဲကို ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း၊ ထိန်းချုပ်လိုက်မှုအပေါ် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်ဟာဂါရီက အဆိုပါနေရာတွင် ဟားမားစ်ခေါင်းဆောင် ယာဟာရာဆင်ဝါး၏ ရုံးရှိကြောင်းနှင့် အစ္စရေးစစ်ဘက်က ဥမင်ကွန်ရက်များကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောကြားလိုက်သည်။

အစ္စရေးတပ်ဖွဲ့များသည် ဆင်ဝါး ပုန်းအောင်းနေနိုင်သည့်နေရာများအဖြစ် သံသယရှိနေသည့် ဂါဇာတောင်ပိုင်းရှိ ခန်ယွန်းနစ်နှင့် မြောက်ပိုင်းရှိ ဂျာဗာလီယာတို့ရှိ ဟားမားစ်အခြေစိုက်ပစ်မှတ်များကို တိုက်ခိုက်လျက်ရှိသည်။

ဟားမားစ်တို့ကလည်း တနင်္ဂနွေနေ့က အွန်လိုင်းပို့စ်တစ်ခုတွင် အစ္စရေးစစ်ဘက်ဆိုင်ရာယာဉ် ၄၄ စင်းကို လွန်ခဲ့သော ၄၈ နာရီအတွင်း ဖျက်ဆီးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဟားမားစ်ခေါင်းဆောင်မှုအပေါ် ဆင်ဝါးဦးဆောင်သော အရှူးတစ်သိုက်ဟု အစ္စရေးလုံခြုံရေးအေဂျင်စီဖြစ်သော ရှင်ဘက်က အွန်လိုင်းပေါ်တင်လိုက်သော ရုပ်သံဖိုင်တစ်ခုတွင် ပြောကြားလိုက်သည်။

အလားတူ တနင်္ဂနွေနေ့က အင်တာနက်ပေါ်တင်လိုက်သော ရုပ်သံဖိုင်တစ်ခုတွင်လည်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု (**ယာပုံ**) က ဟားမားစ်တိုက်ခိုက်ရေးသမားများကို ဆင်ဝါးအတွက် အသေခံပေးခြင်းထက် လက်နက်ချအညံ့ခံရန် တိုက်တွန်းပြောကြားထားသည်။

အဆိုပါရုပ်သံဖိုင်များသည် ဟားမားစ်အဖွဲ့ဝင်များကို လှုပ်ခတ်စေနိုင်သည်ဟု လေ့လာသုံးသပ်သူများက ပြောသည်။

ဂါဇာတွင် မြေပြင်စစ်ဆင်ရေး ဆင်နွှဲချိန်အတွင်း အစ္စရေးစစ်ဘက်က ၁၀၀ ကျော်သေဆုံးခဲ့ကြောင်း အစ္စရေးမီဒီယာက ဖော်ပြခဲ့သည်။

ဂါဇာကျန်းမာရေးအာဏာပိုင်များက နှစ်ဖက်တိုက်ပွဲများစတင်ဖြစ်ပွားချိန်မှစကာ တနင်္ဂနွေနေ့အထိ ပါလက်စတိုင်း သေဆုံးသူ ၁၈၀၀၀ ကျော်ရှိကြောင်း ပြောသည်။

ထို့အပြင် အစ္စရေးစစ်ဘက်က လွန်ခဲ့သောလတွင် ဂါဇာ၌ ဟားမားစ်နှင့် အစ္စလာမ့်ဂျီဟတ် ၅၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြောကြားခဲ့သည်။




**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ ယန်း ၁၀၀၀၀၊ ၅၀၀၀ နှင့် ၁၀၀၀ တန်များကို ၂၀၂၄ ခုနှစ်ထုတ်မည်

**တိုကျို ဒီဇင်ဘာ ၁၂**

ဂျပန်နိုင်ငံသည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ယန်း ၁၀၀၀၀ တန် (အမေရိကန်ဒေါ်လာ ၆၉)၊ ယန်း ၅၀၀၀ တန်နှင့် ယန်း ၁၀၀၀ တန် ငွေစက္ကူတို့ကို အသစ်ထုတ်မည်ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်ကတည်းမှစကာ ပထမဆုံးအကြိမ် ပုံစံသစ်ပြန်လည်ထုတ်ခြင်းဖြစ်ကြောင်း အစိုးရက ဒီဇင်ဘာ ၁၂ ရက်က ပြောကြားလိုက်သည်။

ယန်း ၁၀၀၀၀ တန် အသစ်တွင် ဂျပန်အရင်းရှင်ဝါဒ ဖခင်ကြီးဟု တင်စားထားသည့် စက်မှုလုပ်ငန်းရှင် Eiichi Shibusawa ၏ ရုပ်ပုံပါဝင်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဂျပန်(ဗဟို)ဘဏ်၏ သတင်းများအရ သိရသည်။

ယန်း ၅၀၀၀ တန်အသစ်တွင် အမျိုးသမီးများ၏အဆင့်မြင့်ပညာရေး လမ်းသစ်တီထွင် ပညာဖြန့်ဝေသူတစ်ဦးဖြစ်သည့် Umeko Tsuda ရုပ်ပုံပါမည်ဖြစ်သည်။

ယန်း ၁၀၀၀ တန်အသစ်တွင် အဏုဇီဝပညာရှင်တစ်ဦးဖြစ်သည့် Shibasaburo ၏ ပုံပါရှိမည်ဖြစ်သည်။ ငွေစက္ကူအသစ်များ ရိုက်နှိပ်ထုတ် ဝေပြီးနောက်တွင် လက်ရှိသုံးစွဲလျက်ရှိသော ငွေစက္ကူများကိုလည်း တရားဝင်ဆက်လက်သုံးစွဲနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ငွေအတု ထုတ်လုပ်ခြင်းကို ကာကွယ်နိုင်ရန် လက်ရှိအသစ်ထုတ်မည့် ငွေစက္ကူများတွင် သုံးဖက်မြင် ခတ်ပုံနည်းပညာရပ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း အစိုးရက ပြောသည်။ **ဆင်ဟွာ**




# ကင်မရွန်းနိုင်ငံ၌ လူပေါင်း သုံးသန်းနီးပါး စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့နေရ

**ယောင်ဒီ ဒီဇင်ဘာ ၁၂**

ကင်မရွန်းနိုင်ငံရှိ လူပေါင်း ၂ ဒသမ ၉ သန်းကျော်မှာ ပဋိပက္ခများ၊ ထုတ်လုပ်နိုင်မှု အားနည်းခြင်းများနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့နေရကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။



ယခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ကင်မရွန်းနိုင်ငံရှိ လူပေါင်း ၂၉၄၀၈၀၇ ဦး သို့မဟုတ် နိုင်ငံ့လူဦးရေ၏ ၁၀ ဒသမ ၆ ရာခိုင်နှုန်းမှာ စားနပ်ရိက္ခာနှင့် အာဟာရမလုံလောက်မှုနှင့် ကြီးကြီးမားမားကြုံတွေ့နေရကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဂါဘရီရယ် အမ်ဘာရီဘီက ဒီဇင်ဘာ ၁၁ ရက် ညပိုင်းက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လာမည့်နှစ် ဇွန်လနှင့် ဩဂုတ်လကြားတွင် စားနပ်ရိက္ခာနှင့် အာဟာရမဖူလုံမှုနှင့် ရင်ဆိုင်နေရသည့် အရေအတွက် ၂ ဒသမ ၅ သန်း ကျဆင်းသွားဖွယ်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကင်မရွန်းအစိုးရသည် သွင်းကုန်အစားထိုးလုပ်ဆောင်မှုကို မြှင့်တင်ခြင်းနှင့် စားနပ်ရိက္ခာ အကျပ်အတည်းကို လျော့ပါးသက်သာစေရန် စားနပ်ရိက္ခာထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းရှိသော အသေးစားတောင်သူလယ်သမားများထံ ထောက်ပံ့မှုကို ပံ့ပိုးပေးခြင်းကဲ့သို့သော မူဝါဒအသစ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိ

**စင်ကာပူ ဒီဇင်ဘာ ၁၂**

စင်ကာပူနိုင်ငံရှိ ဆေးရုံများသည် နိုင်ငံအတွင်း ကိုဗစ် - ၁၉ ရောဂါအခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်းနှင့် လိုအပ်လာပါက တိုးမြှင့်လုပ်ဆောင်သွားရန် အဆင်သင့်ရှိကြောင်း အမျိုးသားကျန်းမာရေးစနစ် တက္ကသိုလ် (အင်န်ယူအိတ်ချ်အက်စ်)နှင့် စင်ကာပူကျန်းမာရေးဝန်ဆောင်မှုက ဒီဇင်ဘာ ၁၁ ရက်တွင် ပြောသည်။

စင်ကာပူနိုင်ငံသည် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ကိုဗစ် - ၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယခင်ရက်သတ္တပတ်က ကိုဗစ် - ၁၉ ရောဂါကူးစက်ဖြစ်ပွားသူ ၂၂၀၉၄ ဦးနှင့် နှိုင်းယှဉ်ပါက နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက် ရက်သတ္တပတ်အတွင်း ကိုဗစ် - ၁၉ ရောဂါကူးစက်ဖြစ်ပွားသူ ၃၂၀၃၅ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

အဆိုပါရောဂါကြောင့် ဆေးရုံတက်ရောက်ကုသသူနှင့်အထူးကြပ်မတ်ကုသဆောင်တွင် ကုသသူအရေအတွက်မှာ ကပ်ရောဂါကာလအတွင်းက တက်ရောက်ကုသသူအရေအတွက်ထက် မများကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောသည်။ ထို့အပြင်ပြည်တွင်း၌ ကူးစက်ပျံ့နှံ့နေသည့် မျိုးကွဲများသည် ပိုမိုကူးစက်နိုင်မှု သို့မဟုတ် ပြင်းထန်သောရောဂါဖြစ်ပွားစေနိုင်မည့် အရိပ်အယောင် မတွေ့ရကြောင်းလည်း ပြောသည်။ **စီအင်န်အေ**





# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ ဝါကျအချင်းချင်းကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ Conjunctions တွေအကြောင်းဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Why should we hire you? – II မင်းကိုဘာကြောင့် အလုပ်ခန့်သင့်လဲဆိုတဲ့အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာ အသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာလည်း Conjunctions တွေအကြောင်း ပြည့်ပြည့်စုံစုံလေး ဆက်လက်ရေးသားဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**Conjunctions (စကားဆက်)**

Conjunctions တွေဟာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကိုဖြစ်စေ၊ ဝါကျပိုင်းတွေကို ဖြစ်စေ၊ ပုဒ်အချင်းချင်းကို ဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့နေရာမှာသုံးတဲ့ စကားဆက်တွေပဲ ဖြစ်ပါတယ်။ စကားဆက်များဟာ များသောအားဖြင့် ဝါကျတိုနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက်ပိုတဲ့ ဝါကျတွေကို တစ်ကြောင်းတည်းပေါင်းပြီး ပိုပြီးအဓိပ္ပာယ် ပြည့်စုံအောင် ဆက်ပေးတဲ့စကားလုံးတွေပဲ ဖြစ်ပါတယ်။ ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာလည်း အရင်အပတ်က ဖော်ပြခဲ့တဲ့ Conjunctions တွေအကြောင်း ဆက်လက်ရေးသားဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

**(f) Joining phrases together (စကားစုများအချင်းချင်းဆက်ခြင်း)**

- The children played in the playground **and** in the garden.
- My mother walked upstairs **and** downstairs .
- Big trees grow on hills **as well as** on the plain.
- I've been looking for **not only** you **but also** your mother.

**(g) Joining clauses together (ဝါကျပိုင်းများ အချင်းချင်းဆက်ခြင်း)**

- I got up early **and** (I) did physical exercises.
- Our teacher asked me questions **and** I answered them well.
- Rachel **not only** went shopping **but also** went to a gym.

**2. Adversative Conjunctions (ဆန့်ကျင်ဘက်သဘောတရားနှစ်ခုကို ဆက်သွယ်ပေးသော စကားဆက်များ)**

Adversative Conjunctions များသည် ဆန့်ကျင်ဘက်အဆိုနှစ်ခု သို့မဟုတ် သဘောတရားနှစ်ခုကို ဆက်သွယ်ပေးသော စကားဆက်များ ဖြစ်ကြသည်။ But ၊ Still၊ Yet ၊ Only ၊ Whereas ၊ Nevertheless ၊ However စသည့်စကားဆက်များသည် Adversative Conjunctions များ ဖြစ်ကြသည်။ ဥပမာ –

- The farmers are poor **but** happy.
- This is strange **but** true.
- I went to my friend in London **but** he was on vacation.
- I was tired, **still** I kept on working.
- Mr Johnny has a lot of money, **yet** he is not contented.
- Go where you like, **only** do not stay here.
  (မင်းကြိုက်တဲ့နေရာသွားပါ။ သို့သော်ဒီမှာတော့ မနေနဲ့။)
- Wise men love truth, **whereas** fools shun it.
  (ပညာရှိများအမှန်တရားကို ချစ်မြတ်နိုးချိန်မှာ အရူးများက အမှန်တရားကို ရှောင်ရှားကြတယ်။)
- All were against him, **nevertheless** he stuck to his theory.

**3. Alternative Conjunctions (ရွေးချယ်ခွင့်ပြုသည့်စကားဆက်များ)**

Alternative Conjunctions များသည် တစ်ခုမဟုတ်တစ်ခု ဆိုသည့်သဘော ရွေးချယ်မှုကိုဖော်ပြသည့် စကားဆက်များဖြစ်ကြသည်။ Or၊ Nor၊ Either … or၊ Neither … nor ၊ Else ၊ Otherwise ၊ Rather … than စသည့်စကားဆက်များကို Alternative Conjunctions များဟုခေါ်သည်။ ဥပမာ –

- Do you want a pencil **or** a ball-point pen.
- I have K 5000 **or** K 10000 in my pocket.
- **Either** Ko Ko **or** Ma Ma will buy a ticket for football match.
- My little sister **either** watched TV **or** played computer games.
- The phone you are looking for is **neither** here **nor** there.
- They **neither** watched TV **nor** read books.
- She attended the meeting, **else** she would know nothing.
- Lucy has made a few mistakes, **otherwise** her IELTS essay is very good.
- He would **rather** starve **than** work under the colonialists.

## VOCABULARY (Idiom)

1. **to fish in trouble waters** (အခက်အခဲကြားမှ အမြတ်ထွက်အောင် လုပ်သည်။)
   The company is struggling, but she**'s still fishing in troubled water**, trying to make a profit.
2. **to foot the bill** (ဒကာခံသည်။ ကုန်ကျစရိတ်ခံသည်။)
   Who's going **to foot the bill** for all the repairs?
3. **to put your best foot forward** (မိမိတတ်နိုင်သလောက် စွမ်းနိုင်သလောက် အကောင်းဆုံးလုပ်သည်။)
   **Put your best foot forward** and find an acceptable solution to the problem you face.
4. **to look a gift-horse in the mouth** (အရိုးများသော ချေးခါးသော၊ အလကားရသည့်နွားသွားဖြဲကြည့်သည်။) ချေးများသည်။
   Dad's old car is full of dents, but we shouldn't **look a gift-horse in the mouth.**
5. **a good-for-nothing** (အသုံးမကျသော၊ ပျင်းသော)
   The junky old computer my dad gave me is **good for nothing!**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "why should we hire you?"–II

ဒီတစ်ပတ်မှာတော့ "Why should we hire you?"–II မင်းကို ဘာကြောင့်အလုပ်ခန့်သင့်လဲဆိုတဲ့အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Why should we hire you?"–II ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Marcus:** How about you guys? How is your work going?

**Lucy:** For me, this past year has been incredible. I have the job of my dreams. The pay and **perks** they are offering are stupendous.

**Marcus:** Perks like what?

**Lucy:** Health insurane, free gym member-ship, paid time off and company car.

**Thomas:** I bet you are **relishing** every bit of it.

**Lucy:** Yes, I am. Well, the only downside is that I have very little free time left. My office work keeps me busy all the time, I am working even on the weekends.

**Marcus:** I guess you can't really **love your cake and eat it too.** Sometimes you have to make a few compromises.

**Lucy:** That's right, but I can't complain, I'm fine with it. I love my job.

**Marcus:** How about you Thomas?

**Thomas:** My work has become **topsy- turvy** these days.

**Marcus:** What exactly happened?

Thomas: My boss is very demanding and not nice at all. **I have a lot on my plate** these days.

**Marcus:** I can understand. You will **sail through it** like you always do.

**Thomas:** I surely hope so.

**Meaning of the words**

1. **(perks = something extra you get, in addition to a salary)**
   (ပုံမှန်ဝင်ငွေအပြင် အလုပ်ရှင်ကပေးသော အခွင့်အရေး။)
2. **(relishing=enjoying greatly)**
   (ကြိုက်နှစ်သက်သည်။)
3. **(have your cake and eat it too=can't have two good things that don't normally go together at the same time)**
   (တစ်ခုခုကိုစားလည်းစားချင် ထားလည်းထားချင်ဆိုသကဲ့သို့ မဖြစ်နိုင်သည်ကို မျှော်မှန်းသည်။ ကောင်းတာနှစ်ခု တစ်ပြိုင်တည်း မလာသကဲ့သို့)
4. **(topsy-turvy=disorganized)**
   (ဇောက်ထိုးမိုးမျှော်ဖြစ်သည်။ အစီအစဉ်မကျဖြစ်သည်)
5. **(have a lot on my plate=have a lot of work or problems)**
   (အလုပ်အများကြီးလုပ်ရသည်။)
6. **(sail through it=succeed very easily in something)**
   (ကျော်လွှားဖြတ်သန်းသည်။)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အခြေခံပညာ ကျောင်းသား အားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ Boxing Indoor Stadium လက်ဝှေ့ အားကစားရုံနှင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် သတ်မှတ်ထားသည့် ကွင်းရုံများတွင် ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

**အားပေးကြည့်ရှု**

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကျောင်းသား အားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြိုင်ပွဲဝင် အားကစားမောင်မယ်များ၊ အုပ်ချုပ်သူနည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။ (ယာပုံ)

**ချီးမြှင့်ပေးအပ်**

ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လက်ဝှေ့ရုံတွင် ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အပြီးတွင် အမျိုးသမီးအသင်းအလိုက် ပထမဆုကို မွန်၊ ဒုတိယဆုကို ပဲခူး၊ တတိယဆုကို မန္တလေးတို့က ရရှိကြပြီး အမျိုးသား အသင်းလိုက် ပထမဆုကို စစ်ကိုင်း၊ ဒုတိယဆုကို ရန်ကုန်၊ တတိယဆုကို မကွေးတို့က ရရှိကြသည်။ ဆုများကို ကျောင်းသား အားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ချီးမြှင့်ပေးအပ်ကြသည်။





**ယှဉ်ပြိုင်ကစား**

ထို့ပြင် ယနေ့နံနက်မှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A) ရုံတွင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို ကျင်းပရာ အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် မန္တလေးက ကရင်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ တနင်္သာရီက မကွေးကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ကချင်က မကွေးကို သုံးပွဲ- တစ်ပွဲဖြင့် လည်းကောင်း၊ မန္တလေးက ရှမ်းကို သုံးပွဲ- တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တတိယနေရာနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံတွင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ပြီး ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ် (၃) တို့တွင် ယနေ့ နံနက် ၇ နာရီမှစတင်၍ အမျိုးသား၊ အမျိုးသမီး ဘောလုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## PENANG INVITATIONAL CHAMPIONSHIP 2023 ဂျူဒိုပြိုင်ပွဲ၌ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာဂျူဒိုအားကစားအဖွဲ့အားကြိုဆို

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မလေးရှားနိုင်ငံ ပီနန်မြို့တွင် ဒီဇင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသော PENANG INVITA-TIONAL CHAMPIONSHIP 2023 ဂျူဒိုပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာဂျူဒိုအားကစားအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံ ပီနန်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်ဒုတိယဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများက ပန်းစည်းများ၊ အိုးစည် ဒိုးပတ်များဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝမ်းပန်းတသာကြိုဆိုကြသည်။



မြန်မာဂျူဒိုအားကစားအဖွဲ့အား ကြိုဆိုကြသည့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

အဆိုပါပြိုင်ပွဲတွင် မလေးရှားကလပ်အသင်း ၁၀ သင်း ၊ အင်ဒိုနီးရှားကလပ်အသင်း နှစ်သင်း၊ ထိုင်းနိုင်ငံ အခြေစိုက် ပြင်သစ်ကလပ်အသင်း၊ စင်ကာပူအသင်း၊ ဘရူနိုင်းအသင်း၊ မြန်မာအသင်း စုစုပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းမှ (-၂၈) ကီလိုတန်း၊ (-၃၂)ကီလိုတန်း၊ (-၇၃) ကီလိုတန်း၊ (-၆၆) ကီလိုတန်း၊ (-၂၄) ကီလိုတန်း၊ (-၉၀) ကီလိုတန်း၊ (-၅၇) ကီလိုတန်း၊(-၅၀) ကီလိုတန်းနှင့်(-၆၀) ကီလိုတန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ (-၂၈)ကီလိုတန်းပြိုင်ပွဲတွင် အောင်ဇေထက်က ရွှေတံဆိပ်တစ်ခု၊ (-၃၂) ကီလိုတန်းပြိုင်ပွဲတွင် နှင်းဦးဝတ်ရည်က ရွှေတံဆိပ်တစ်ခု၊ (-၇၃) ကီလိုတန်းပြိုင်ပွဲတွင် ကျော်ခန့်စိုးက ရွှေတံဆိပ်တစ်ခု၊ (-၆၆) ကီလိုတန်းပြိုင်ပွဲတွင် ထက်အောင်က ရွှေတံဆိပ်တစ်ခု၊ (-၂၄) ကီလိုတန်းပြိုင်ပွဲတွင် ဘုန်းပြည့်ချမ်းသာထွန်း က ငွေတံဆိပ် တစ်ခု၊ (-၉၀)ကီလိုတန်း ပြိုင်ပွဲတွင် အောင်ဝေဖြိုးက ငွေတံဆိပ် တစ်ခု၊ (-၅၇) ကီလိုတန်းပြိုင်ပွဲတွင် ငွေပုံချစ်က ကြေးတံဆိပ်တစ်ခုနှင့် (-၅၀)ကီလိုတန်းပြိုင်ပွဲတွင် ခိုင်ခန့်က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံရောက် အထောက်အထားရှိနှင့် အထောက်အထားမရှိ မြန်မာလုပ်သားများအကြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီသည့် အခြေအနေမှာ သိသိသာသာကွဲပြားနေ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ထိုင်းနိုင်ငံရောက် အထောက်အထားရှိနှင့် အထောက်အထားမရှိ မြန်မာလုပ်သားများအကြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီသည့် အခြေအနေမှာ သိသိသာသာ ကွဲပြားနေကြောင်း ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုဖြစ်သည့် UNDP ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံရှိ အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများအကြား စိတ်ကျန်းမာရေးချို့တဲ့မှု ပိုမိုအဖြစ်များကြောင်းလည်း UNDP ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံရှိ အထောက်အထားရှိနှင့် အထောက်အထားမရှိသည့် မြန်မာရွှေ့ပြောင်း လုပ်သားများအကြား စိတ်ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လက်လှမ်းမီမှုဆိုင်ရာတွင်လည်း သိသာထင်ရှားစွာ ကွဲပြားနေကြောင်း၊ စိတ်ကျန်းမာရေးချို့တဲ့မှုသည် အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများအကြား ပိုမိုအဖြစ်များနေပြီး ထိုသူများသည် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီအသုံးပြုနိုင်မှုတွင်လည်း အခြားသူများနှင့် နှိုင်းယှဉ်လျှင် အကန့်အသတ်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီအသုံးပြုနိုင်မှုသည် နေရာဒေသအလိုက် ကွာခြားမှုရှိနေပြီး ဘန်ကောက်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ လွှမ်းခြုံနိုင်မှုသည် အမြင့်မားဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ရွှေ့ပြောင်းလုပ်သားများအား ၎င်းတို့၏ အလုပ်လုပ်ခွင့်ပါမစ်ပေါ်မူတည်၍ သတ်မှတ်ထားသည့် ဆေးရုံများတွင် မှတ်ပုံတင်ပေးသည့် စနစ်ကြောင့် ၎င်းတို့နေရာပြောင်းရွှေ့ရလျှင် ကျန်းမာရေးစောင့်ရှောက်မှုများ ရယူနိုင်ရေး အဟန့်အတားဖြစ်စေကြောင်းလည်း UNDP ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများအတွက် အားထားမှီခိုရာနေရာတစ်ခု ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများမှ လူများကို ဆွဲဆောင်နိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီလအထိ ကိန်းဂဏန်း များအရ ထိုင်းနိုင်ငံအတွင်း တရားဝင်လာရောက်သော ရွှေ့ပြောင်းလုပ်သားပေါင်း ၂ ဒသမ ၅ သန်း နေထိုင်လျက်ရှိသည်ဟု ခန့်မှန်းထား ပြီး ထိုသူများသည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရောက်ရှိလာကြသူများဖြစ်ကာ ထိုသူများထဲမှ ၇၅ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် စာရွက်စာတမ်းအထောက်အထားများ ကိုင်ဆောင်ထားသည့် ရွှေ့ပြောင်းလုပ်သားများနှင့် ထိုအထောက်အထားများမရှိကြသည့် ရွှေ့ပြောင်းလုပ်သားများအကြား လုပ်ငန်းခွင်အခြေအနေများနှင့် အကျိုးခံစားခွင့်များ သိသာထင်ရှားစွာ ကွာခြားလျက်ရှိကြောင်းလည်း လေ့လာမှုအတွင်း တွေ့ရှိသည်ဟု UNDP ကဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ တရားဝင်အလုပ်သမားများကို စေလွှတ်နေကာ ပြီးခဲ့သည့်ဒီဇင်ဘာ ၆ ရက်က အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ဖြင့် တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ရရှိရေး ကိစ္စရပ်များ မြန်မာ-ထိုင်း တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ် သက်တမ်းတိုးလက်မှတ်ရေးထိုးရေး၊ ထိုင်းအစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်အတွက် အမည်စာရင်းတင်သွင်းထားသည့် အလုပ်သမားများကို (ပန်းရောင်ကတ်) ထုတ်ပေးနိုင်ရေး၊ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) ဖြင့် တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လုပ်ခလစာများကို မြန်မာနိုင်ငံတွင် ကျန်ရှိသည့် မိသားစုဝင်များထံသို့ တရားဝင်လမ်းကြောင်းမှ လုံခြုံစိတ်ချစွာလွှဲပြောင်းပေးပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သစ်တော်**



## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းစာသင်ဆောင်သစ် ဆောက်လုပ်ရန် ကျပ်သိန်း ၁၀၀၀ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

ကလေးငယ်ပေါင်း ၂၀၀ ဝန်းကျင် ပညာသင်ယူရာတွင် အထောက်အပံ့ဖြစ်စေရေး အူရီဒူးမြန်မာက စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ကျပ်သိန်း ၁၀၀၀ လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆင်ကွင်းကျေးရွာရှိ အောင်မြေချမ်းသာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းမှုသည် သုံးစွဲသူများမှ အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုမှုပြုလုပ်သည့်အခါ တစ်မိနစ်ပြောဆိုမှုတိုင်းအတွက် အူရီဒူးမြန်မာ၏ ဝင်ငွေထဲမှ တစ်ကျပ်စီလှူဒါန်းပေးသည့် "အူရီဒူးကလှူနေမှာ ၁ မိနစ်ပြောတိုင်း ၁ ကျပ်ပါ" လူမှုအကျိုးပြုလုပ်ငန်း အစီအစဉ်မှ တစ်ဆင့် လှူဒါန်းခဲ့သော ၄၂ ခုမြောက်ဖြစ်သော အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ်ဖြစ်သည်။ **အာကာလင်း**

## သီပေါဒေသမှ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားကုန်များနှင့် ဓမ္မာရုံပြုပြင်ရန် ငွေလှူဒါန်း

သီပေါ ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အနောက်ခြမ်းဒေသများမှ ယာယီနေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများ မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများမှ ခိုလှုံရေးစခန်းများသို့ ရောက်ရှိခိုလှုံလျက်ရှိသည်မှာ တစ်လကျော်ခန့် ရှိနေပြီဖြစ်သည်။ ၎င်းတို့၏ စားဝတ်နေရေး အခက်အခဲမရှိစေရေးအတွက် ရပ်ဝေး၊ ရပ်နီးမှ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ အလှူငွေများကို စဉ်ဆက်မပြတ် ကူညီထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက နယ်စည်းမခြား ပရဟိတအသင်းမှ ဦးမျိုးမြင့်လွင်နှင့် အဖွဲ့ဝင်များက ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက် ခိုလှုံရေးစခန်းမှ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် မိသားစု ၁၀၀ ကျော် စားသုံးရန် ဆန်၊ ဆီ၊ အာလူး၊ ကြက်သွန်၊ ခရမ်းချဉ်သီး၊ မုန်ညင်းရွက်၊ ဂေါ်ဖီထုပ်၊ မုန်လာပန်း၊ ဂေါ်ရခါးသီးနှင့် ဟင်းချက်စရာများကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ သီပေါအမျိုးသမီး ကွန်ရက်တို့က မိသားစုသုံးပစ္စည်းများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောပိုးအိတ်၊ ဗလာစာအုပ်၊ ပေတံ၊ ခဲတံနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူအဖွဲ့က ဆန်ငါးအိတ်၊ ဆီ၊ ကြက်ဥကတ်များကို အိမ်ထောင်စု ၃၈ စုတို့ကိုလည်းကောင်း ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် တိုက်ပွဲများကြောင့် ထိခိုက်ပျက်စီးသွားသော လွယ်မုပ်တောင်စခန်းရှိ ရွှေမောင်းသီလရှင်စာသင်တိုက်ဓမ္မာရုံ ပြန်လည်ပြုပြင်ရန် အနောက်ရပ်နေ ဒေါ်ခင်ရီ သမီး ဒေါ်နန်းလွင်လွင်အောင်က ငွေကျပ် တစ်သိန်း ငါးသောင်း၊ ဒေါ်အေးအေးနှင့် မောင်နှမတစ်စုက ငွေကျပ် တစ်သိန်း ငါးသောင်း၊ အမေရိကန်နိုင်ငံမှ ဆရာတော် ဦးဥတ္တရက ငွေကျပ် သုံးသိန်း၊ အနောက်ရပ်မှ နန်းယွန်းယွန်းက ငွေကျပ် နှစ်သိန်း၊ စံဖိတ်ရွာမှ ဦးမျိုးအောင် - ငွေခင်မာဝင်းက ငွေကျပ် တစ်သိန်း၊ အုတ်ကျင်းရပ်မှ ဦးမျိုးညွန့်-ဒေါ်နီနီအေးက ငွေကျပ်တစ်သိန်း၊ စိုးစိုးဝင်း မုန့်တိုက်က ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ **(အပေါ်ပုံ)**



အဆိုပါ လွယ်မုပ်တောင် ရွှေမောင်းသီလရှင်စာသင်တိုက် ဓမ္မာရုံပြန်လည်တည်ဆောက်ရန် လှူဒါန်းလိုသော စေတနာရှင်များ အနေဖြင့် ရွှေမောင်းသီလရှင် စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာကြီး ဒေါ်ဇဏဝတီ ဖုန်း ၀၉-၄၄၅၁၈၇၈၈၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး အင်းလေးကန်သို့ ဝင်ရောက်ကျက်စားလျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်ငါးမျိုးပါဝင်

ရန်ကုန် ဒီဇင်ဘာ ၁၂

ယခုဆောင်းရာသီတွင် အင်းလေးကန် ရမ်ဆာရပ်ဝန်းဒေသသို့ ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး ဝင်ရောက်ကျက်စားလျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်မျိုးစိတ်ငါးမျိုး ပါဝင်နေကြောင်း သိရသည်။

အင်းလေးကန်သို့ စင်ရော်ငှက်မျိုးစိတ် နှစ်မျိုး၊ ရေကြက်ဒုံ၊ ဘဲပို့ချပ်နှင့် ဘဲစကပ် စသည့်ကမ္ဘာ့ရှားပါး ဆောင်းခိုငှက်မျိုးစိတ်ငါးမျိုး ဝင်ရောက်ကျက်စားလျက်ရှိပြီး စားကျက်နေရာရှစ်နေရာတွင် ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ နှစ်စဉ် အောက်တိုဘာလမှစ၍ ဝင်ရောက်လေ့ရှိပြီး ဆိုက်ဘေးရီးယားဒေသမှ ဆောင်းခိုငှက်များသည် အင်းလေးကန်သို့ လည်းကောင်း၊ တရုတ်နှင့် ရုရှားမှ ဆောင်းခိုငှက်များသည် အင်းတော်ကြီးကန်သို့လည်းကောင်း အများဆုံး ဝင်ရောက်လေ့ရှိ၍ ဧပြီလတွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်းသိရသည်။

### ရှားပါးငှက်များလျော့နည်းလာ

ဆောင်းခိုငှက်များသည် ကမ္ဘာ့မြောက်ခြမ်း ရေခဲဖုံးလွှမ်းရာ ဒေသမှ မိုင်ထောင်ချီပျံသန်း၍ နှစ်စဉ်နားခိုရာဒေသများသို့ ပျံသန်းဝင်ရောက်လေ့ရှိပြီး ကမ္ဘာ့တောင်ဘက်ခြမ်းဒေသ ဆောင်းရာသီကုန်ဆုံးချိန်၌ မူရင်းဒေသများသို့ ပြန်လည်ထွက်ခွာ ပျံသန်းကြလေ့ရှိကာ အဆိုပါ လမ်းခရီးတွင် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဆောင်းခိုငှက်များအပါအဝင် အခြားသောငှက်များ ထိခိုက်သေဆုံးခြင်း၊ သဘာဝဘေး အန္တရာယ် ကြုံတွေ့ခြင်းနှင့် လူတို့၏ ပယောဂကြောင့် မူရင်းဒေသသို့ ကောင်းရေ အပြည့်အဝ ပြန်မရောက်နိုင်သော အခြေအနေကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။ တစ်နှစ်ထက် တစ်နှစ် ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များ လျော့နည်းလာမှုကို ကာကွယ်မှု တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံ ရမ်ဆာရပ်ဝန်းဒေသများသို့ ဝင်ရောက်လာသော ဆောင်းခိုငှက်များအား တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဝန်ထမ်းများက မှတ်တမ်းယူ စာရင်းပြုစု၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဆောင်းခိုငှက်ထိန်းသိမ်းရေး

"အင်းလေးကန်မှာ ကမ္ဘာ့ရှားပါး ဆောင်းခိုငှက်မျိုးစိတ် ခြောက်မျိုး ဝင်ရောက်နေပါပြီ။ ကမ္ဘာမှာ မျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ဘဲပို့ချပ်မျိုးစိတ်အနည်းငယ်လည်း တွေ့နေရပါတယ်။ မနှစ်က သုံးကောင်ပဲတွေ့ရပြီးတော့ ဒီနှစ်ဆောင်းဦးအစမှာ နှစ်ကောင်တွေ့ရပါတယ်။ ကမ္ဘာမှာ မျိုးသုဉ်းဖို့ရင်ဆိုင်နေရတဲ့ ငှက်မျိုးစိတ်တွေ ဝင်ရောက်ကျက်စားတာဟာ နိုင်ငံအတွက် ဂုဏ်ယူစရာပါ။ နိုင်ငံခြားသား ငှက်ကြည့်ဝါသနာရှင်တွေ အထူးစိတ်ဝင်စားတဲ့ ငှက်မျိုးစိတ်တွေလည်း ဖြစ်ပါတယ်။ ကြိုးကြာခေါင်းနီဆိုရင် လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ၁၅ ကောင်နီးပါး ဝင်ရောက်ခဲ့တယ်။ မနှစ်ကဆိုရင်နှစ်ကောင်ပဲတွေ့ရတယ်။ ဘဲပို့ချပ်ဆိုရင်လည်း လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ၁၀ ကောင်ကနေ အခုဆိုရင်အနည်းငယ်ပဲ တွေ့ရတော့တယ်။ အင်းလေးကန်က ဒီနှစ် ရေပြည့်နေတော့ ဆောင်းခိုငှက်ဝင်တာနည်းနေပါသေးတယ်။ နောက်ပိုင်းပိုပြီး များလာမှာပါ။ ဆောင်းခိုငှက်ထိန်းသိမ်းစောင့်ရှောက်ရေးကို နှစ်စဉ်မပြတ်ဆောင်ရွက်နေပါတယ်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုအဖြစ် မြန်မာနိုင်ငံမှာ ကမ္ဘာ့ရှားပါးမျိုးစိတ် ဝင်ရောက်ကျက်စားမှုဟာ နိုင်ငံ့တန်ဖိုးကို မြင့်တက်စေပါတယ်" ဟု အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးတင်မြစိုးက ပြောသည်။

### မျိုးသုဉ်းမည့်အန္တရာယ်ရင်ဆိုင်

ကမ္ဘာ့မြောက်ခြမ်း ဆောင်းရာသီကို ရှောင်ရှားရန် ကမ္ဘာ့တောင်ခြမ်းဒေသများသို့ ဆောင်းခိုငှက်များ ပျံသန်းရာ လမ်းကြောင်းကြီးကိုးခုဖြစ်သော အရှေ့အတ္တလန္တိတ် ပျံသန်းရာလမ်းကြောင်း၊ ပင်လယ်နက် - မြေထဲပင်လယ် ပျံသန်းရာလမ်းကြောင်း၊ မစ္စစ္စပီ-အမေရိက ပျံသန်းရာလမ်းကြောင်း၊ အတ္တလန္တိတ်-အမေရိက ပျံသန်းရာလမ်းကြောင်း၊ ပစိဖိတ်-အမေရိက ပျံသန်းရာ လမ်းကြောင်း၊ အနောက်ပစိဖိတ်ပျံသန်းရာလမ်းကြောင်း၊ အရှေ့အာရှ-ဩစတြေးလျ ပျံသန်းရာလမ်းကြောင်း၊ အာရှအလယ်ပိုင်း ပျံသန်းရာ လမ်းကြောင်းနှင့် အနောက်အာရှ-အရှေ့အာဖရိက ပျံသန်းရာ လမ်းကြောင်းတို့မှ ဆောင်းခိုငှက်များ ဝင်ရောက်ကြလေ့ရှိသည်။ မြန်မာနိုင်ငံသို့ အရှေ့အာရှ- ဩစတြေးလျ ပျံသန်းရာ လမ်းကြောင်းနှင့် အာရှအလယ်ပိုင်း ပျံသန်းရာ လမ်းကြောင်းတို့မှ နှစ်စဉ် ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၃၀၀ ကျော် လာရောက်ကျက်စားလေ့ရှိသည်။ ဘဲပို့ချပ် မျိုးစိတ်နည်းတူ ရေညှော်င့်နှုတ်ဝိုင်းငှက်သည် ကမ္ဘာပေါ်တွင် အကောင်ရေ ၅၀၀ ခန့်သာ ကျန်ရှိပြီး နှစ်အနည်းငယ်အတွင်း မျိုးသုဉ်းမည့် အန္တရာယ် ရင်ဆိုင်ရဖွယ်ရှိကြောင်း ငှက်ကြည့်ဝါသနာရှင်များက ခန့်မှန်းသုံးသပ်ထားသည်။

### ရာသီအလိုက်နေရာပြောင်းရွှေ့

ကမ္ဘာပေါ်ရှိ ငှက်များအား ဌာနေငှက်မျိုးစိတ်များ၊ ဒေသတွင်းရာသီအလိုက် ရွှေ့ပြောင်းငှက်များ၊ ရာသီအလိုက် ရွှေ့ပြောင်းငှက်များနှင့် ဆောင်းခိုငှက်များ ဟု အုပ်စုလေးမျိုးခွဲခြားထားပြီး ကမ္ဘာပေါ်ရှိ ငှက်မျိုးစိတ်စုစုပေါင်း ၁၈၀၀၀ ခန့်တွင် မြန်မာနိုင်ငံ၌ ငှက်မျိုးစိတ် ၁၁၃၆ မျိုး ရှင်သန်လျက်ရှိကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှ သိရသည်။ ယင်းငှက်မျိုးစိတ်များသည် ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင် မျိုးစိတ်အလိုက် သင့်လျော်သော ဒေသများသို့ ပျံ့နှံ့နေထိုင်ကျက်စားလျက်ရှိပြီး ငှက်မျိုးစိတ်ပေါင်း ၃၀၀၀ ခန့်သည် ရာသီအလိုက် နေရာဒေသပြောင်းရွှေ့ နေထိုင်လေ့ရှိကြောင်း သိရသည်။

အင်းလေးကန်ဘေးမဲ့တော ဧရိယာတွင် အရေးကြီးငှက်မျိုးစိတ် ၁၄ မျိုး သတ်မှတ်ထားပြီး နိုဝင်ဘာလကုန်ပိုင်းနှင့် ဒီဇင်ဘာလဆန်းပိုင်း၌ သစ်တောငှက်မျိုးစိတ် ၉၅ မျိုး (၆၇၇၃ ကောင်)၊ ရေပျော်ငှက်မျိုးစိတ် ၄၂ မျိုး (၉၉၃၈ ကောင်) နှင့် ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး (၄၂၃၆ ကောင်) တို့ ကျက်စားလျက်ရှိကာ ဆောင်းခိုငှက် မျိုးစိတ်ငါးမျိုး ဝင်ရောက်ကျက်စားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်း၊ မိန်းမလှကျွန်း၊ ပလိပ်အင်း၊ တောင်သမန်အင်း၊ ပြူကန်အင်းနှင့် ဗနေဘအင်းများသို့ နှစ်စဉ်ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားလျက်ရှိ၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှု တစ်ခုအဖြစ် ရပ်တည်လျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားရာ နိုင်ငံတစ်ခုအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



ရှားပါးရေပျော်မျိုးစိတ်ဖြစ်သည့် ဝမ်းဘဲ



ဘဲဟင်္သာနှင့် ခရုစုပ်ငှက်များ


# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။





စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် “ တပ်မတော်သားများ အောင်ပွဲအလီလီ ဆွတ်ခူးနိုင်ပါစေ၊ ဘေးအန္တရာယ် ကင်းဝေးကြပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ် အောင်မြင်ပါစေ” စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## YBS ကားစီးလျှင် ဖုန်းတစ်လုံးရှိရုံဖြင့် QR ကုတ်ကို စကင်ဖတ်ကာ ငွေချေနိုင်မည့်စနစ်ကို ယခုလကုန်ပိုင်းအတွင်း စတင်ရန်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ကာ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ယာဉ်များ၌ မိုဘိုင်းဖုန်းမှတစ်ဆင့် QR Code ဖြင့်ငွေပေးချေနိုင်မည့်စနစ် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

သုံးစွဲသူများ အနေဖြင့် Google Play Store တွင် MP yps ဟုရိုက်ရှာကာ ဒေါင်းလုတ်ရယူပြီး အက်ပလီကေးရှင်းတွင် ပေးထားချက်များအတိုင်း မှတ်ပုံတင်ကာ ငွေဖြည့်သွင်းပြီးနောက် စတင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရကာ အကြွေဆောင်ရမည့်အခက်အခဲလည်း လျော့ပါးသွားမည်ဖြစ်ပြီး ဖုန်းတစ်လုံးရှိရုံဖြင့် အဆင်ပြေမည်ဖြစ်သည်။

“ QR Code အသုံးပြုနိုင်မယ့်စနစ်ကို ဒီလကုန်လောက်မှာ လုပ်ဖို့ရှိတယ်။ ဒေတာတွေ ကောက်ယူနေပါတယ်။ ခရီးသည်တွေအနေနဲ့ မိမိရဲ့ဖုန်းမှာ Application ထည့်၊ ငွေထည့်ပြီး YPS ကတ်အစားအသုံးပြုလို့ရပါတယ်” ဟု ဦးလျှန်ကျင့်မန်က ဆိုသည်။

လက်ရှိ YBS ယာဉ်လိုင်းအချို့တွင် YPS Card စနစ်အသုံးပြုနိုင်မည့်စက်ရှိသော်လည်း စက်ပိတ်ထားကာ ယာဉ်မောင်းက ယာဉ်စီးခကောက်ခံမှုများ ရှိနေသေးကြောင်းလည်း ခရီးသည်များထံမှ သိရသည်။

“ QR Code နဲ့ ငွေပေးချေနိုင်မယ့် စနစ်အသုံးပြုတာက ကောင်းပါတယ်။ အကြွေအတွက်လည်း စိတ်ပူစရာ မလိုတော့ဘူး။ ခရီးစရိတ်တွေ ပိုတောင်းတာတွေလည်း ပျောက်သွားမှာပေါ့။ ဒီစနစ်ကို လက်ခံကြိုဆိုပါတယ်” ဟု ခရီးသည်တစ်ဦးက မှတ်ချက်ပြုသည်။

လက်ရှိတွင် ရန်ကုန်မြို့အတွင်း YBS ယာဉ်လိုင်း ၁၃၀ ကျော်က YBS အစီးရေ ၃၀၀၀ ကျော်ဖြင့် ခရီးသည် ၁၅ သိန်းကျော်ကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**MT**

## ရောဝတီတိုင်းတွင် NLD အစိုးရလက်ထက် တောင်သူချေးငွေများ ဖိအားပေး တောင်းယူခံနေရဟု လူမှုကွန်ရက်စာမျက်နှာတို့တွင် သတင်းတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

“ရောဝတီတိုင်းတွင် NLD အစိုးရလက်ထက် ထုတ်ချေးထားသည့် စိုက်ပျိုးစရိတ်ချေးငွေ အကြွေးကျန်များကို ပြန်မဆပ်ပါက အရေးယူမည်ဆိုပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သတိပေးစာပို့ကာ ဖိအားပေးတောင်းယူနေသည်” ဟု ကောလာဟလ သတင်းတု သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ “မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူဦးကြီးများ စိုက်ပျိုးစရိတ်ကုန်ကျမှုများကို အထောက်အကူပြုနိုင်ရန် နှစ်စဉ် စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးလျက်ရှိကြောင်း၊ ယင်းသို့ထုတ်ချေးရာတွင် ယခင်နှစ်ကြွေးကျန်ကျေပြီးမှသာ ချေးငွေအသစ် ထုတ်ချေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ကြွေးကျန်များ ပြန်လည်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခရိုင်/ မြို့နယ် ဘဏ်ခွဲများအနေဖြင့် ကြွေးကျန်ချေးငွေ ကောက်ခံရေးဆောင်ရွက်ရာတွင် စည်းရုံးကောက်ခံသည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး ချေးငွေပေးဆပ်ရန် ပျက်ကွက်နေသည့် မည်သည့် တောင်သူတစ်ဦးတစ်ယောက်ကိုမျှ အမှုဖွင့်အရေးယူထားခြင်းမရှိကြောင်းနှင့် ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များနှင့်အညီ ကြွေးကျန်များ ပေးဆပ်ပြီးသည့် တောင်သူများကို ချေးငွေသစ်များ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိကြောင်း သိရှိရသည်။




သို့ဖြစ်ပါ၍ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် သတင်းသည် ပြည်ဖျက်မီဒီယာများက တောင်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် သတင်းမှားများဖော်ပြခြင်းသာဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် တောင်သူများအကြားတွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၃) ကို ဒီဇင်ဘာ ၁၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၃) တွင် MIU အသင်းက Dream Team အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ VUC အသင်းက M2K အသင်းကို နှစ်ဂိုး - ဂိုးမရှိ၊ Futsal-19 အသင်းက ဖူဆယ်ချစ်သူအသင်းကို သုံးဂိုး-တစ်ဂိုး၊ Winner Soccer အသင်းက လင်းလက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ Generations အသင်းက လက်ဝဲသုန္ဒရအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သုံးပွဲစီကစားအပြီးတွင် လက်ရှိချန်ပီယံ VUC အသင်းသာ ရာနှုန်းပြည့်အနိုင်ရခဲ့ပြီး MIU ၊ Generations အသင်းနှင့် Futsal-19 အသင်းတို့မှာလည်း နိုင်ပွဲကိုယ်စီရယူကာ ဆက်လက်ဖိအားပေးလျက်ရှိသည်။

ပွဲစဉ် (၃) အပြီးတွင် လက်ရှိချန်ပီယံ VUC အသင်းက သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ဆက်လက် ဦးဆောင်နေသည်။ MIU အသင်း၊ Generations အသင်းနှင့် Futsal-19 အသင်းတို့က ခုနစ်မှတ်စီ၊ Winner Soccer အသင်းက လေးမှတ်၊ ဖူဆယ်ချစ်သူ၊ Dream Team အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က သုံးမှတ်စီ ရရှိထားကာ လင်းလက်အသင်းနှင့် M2K အသင်းတို့မှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ပွဲစဉ် (၄) ကို ဒီဇင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။



**ညီမြတ်သော်တာ**
**ဓာတ်ပုံ-MFF**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၊ သက်ကြီး ပူဇော်ပွဲအတွက် အလှူငွေနှင့် တိုင်းရင်းဆေးများလှူဒါန်းပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၊ ဆရာသမားများနှင့် အသက်(၈၀) နှင့်အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဦးအောင်လင်း - ဒေါ်ခင်သန်းနွဲ့(ဆရာခို/ဓောခ်ဓ)တိုင်းရင်းဆေး ထုတ်လုပ်ရေးက အလှူငွေကျပ် ၁၀ သိန်း နှင့်(ဆရာခို/ဓောခ်ဓ)တိုင်းရင်းဆေးမျိုးစုံ၊ ဦးမြင့်လွင်-ဒေါ်မြညွန့် (ဝန်ထမ်းဟောင်း) က အလှူငွေကျပ် တစ်သိန်း၊ ဦးလှိုင်ဝင်း(စာတည်းမှူးချုပ်-ငြိမ်း)က အလှူငွေကျပ် ငါးသောင်း၊ ဦးခင်မောင်ကျော်ဒင်(စာတည်းမှူးချုပ်-ငြိမ်း)-ဒေါ်ခင်စောမူက အလှူငွေကျပ် သုံးသောင်း၊ ဦးညွန့်ဇော်-ဒေါ်မိုးမိုးအောင်က အလှူငွေကျပ် နှစ်သောင်း၊ ဦးတင်စိုး - ဒေါ်လှလှအေးက အလှူငွေကျပ် တစ်သောင်း၊ ဦးကျော်မြင့် - ဒေါ်သန်းအေး (မိုးကောင်း - ကချင်ပြည်နယ်) က အလှူငွေကျပ် တစ်သောင်း၊ ဦးစံရွှေ (ဝန်ထမ်းဟောင်း)က အလှူငွေကျပ် ငါးထောင်နှင့် ဒေါ်ယဉ်ညို က အလှူငွေကျပ် သုံးထောင် စုစုပေါင်းအလှူ ငွေကျပ် ၁၂၃၈၀၀၀ နှင့် (ဆရာခို/ဓောခ်ဓ) တိုင်းရင်းဆေးမျိုးစုံတို့ကို ဒီဇင်ဘာ ၁၁ ရက်တွင် အသင်းရုံးခန်း၌ လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံယူသည်။

ကန်တော့ခံသက်ကြီးအသင်းဝင်များနှင့် အသင်းဝင်ဝန်ထမ်းဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ (မပျက်မကွက်) တက်ရောက်ကြရန်လည်း အမှုဆောင်များက ဖိတ်ကြားထားကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# မိတ္ထီလာမြို့နယ် ဒေသခံများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်က ရှမ်းမငယ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ ဆောင်ရွက်ပေးသည်။



မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့်အတူ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့မှ အထွေထွေရောဂါ(ဆေးပညာ)လူနာ ၈၃ ဦး၊ မျက်စိလူနာ ၆၇ ဦး၊ အရိုးလူနာ ၁၀၂ ဦး၊ ကလေးလူနာ ၃၉ ဦး၊ သားဖွားမီးယပ်လူနာ ရှစ်ဦး၊ ခွဲစိတ်လူနာ ၂၀ ဦး၊ သွားလူနာ ၅၄ ဦး စုစုပေါင်းလူနာ ၃၇၄ ဦးအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းလူနာများထဲမှ လူနာ ၁၇ ဦးအား ECG ဆွဲခြင်း၊ လူနာ ၂၇၅ ဦးအား သွေးဖောက်စစ်ဆေးခြင်းနှင့် ၂၅ ဦးအား သွားနုတ်ပေးခြင်းများ ဆောင်ရွက်သည်။ ထိုသို့ လာရောက်ပြသသည့် လူနာ ၃၇၄ ဦးအနက်မှ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၇၄ ဦးအား မိတ္ထီလာမြို့ အထွေထွေရောဂါဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အုတ်တွင်းမြို့နယ် ဝဲကြီးအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်းကျင်းပ

**အုတ်တွင်း ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ဝဲကြီးအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ လူငယ်စကားဝိုင်းကို အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးပြီး Grade-11 မှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကျန်းမာရေး၊လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်နည်းပညာခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍တက်ရောက်လာကြသည့် Grade - 11 မှ ကျောင်းသား ကျောင်းသူများက မေးမြန်းဆွေးနွေးရာ ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# ဒီဇင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းအဖြစ် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ အထိ MRF သတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၏အသင်းဝင်များ၊ ပြည်ပတင်ပို့သည့် Exporter များ၊ ဆန် ကုမ္ပဏီများအနေဖြင့်လိုက်နာဆောင်ရွက်ရန် ဒီဇင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price) အဖြစ် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀ အထိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က သတ်မှတ်ထုတ်ပြန်ပေးခဲ့သည်။

ဒီဇင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price)ထုတ်ပြန်ချက်အရ ၁၀၈ ပေါင်/ ၂၄ ပြည် ဆန်တစ်အိတ်ဈေးနှုန်းအနေဖြင့် သတ်မှတ်ပေးထားရာတွင် ဧည့်မထအုပ်စု ၂၅မှတ်ဆန်တစ်အိတ်လျှင် ဈေးနှုန်းအနေဖြင့် ကျပ် ၆၀၀၀၀ မှ ၆၂၀၀၀ အဖြစ်လည်းကောင်း၊ ဧည့်မထအုပ်စု ၁၅မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ မှ ၆၄၀၀၀ အထိလည်းကောင်း၊ ဧည့်မထအုပ်စု ၁၀- ၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၆၄၀၀၀ မှ ၆၈၀၀၀ အထိလည်းကောင်း သတ်မှတ်ထားသည်။

ထို့အတူ ရက် ၉၀၊ ပခန်း၊ အညာသား၊ အထူးဧည့်မထအုပ်စုများ ၁၀-၅မှတ်ဆန်တစ်အိတ်လျှင်ကျပ်၆၈၀၀၀ မှ ၇၂၀၀၀ အထိလည်းကောင်း၊ ဧရာမင်း၊ ဧရာပဒေသာ ၁၀-၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ မှ ၉၅၀၀၀ အထိလည်းကောင်း၊ ဧရာဝတီပေါ်ဆန်းများ ၁၀-၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ အထိလည်းကောင်း၊ ရွှေဘိုပေါ်ဆန်း၁၀-၅မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ မှ ၉၅၀၀၀ အထိလည်းကောင်း သတ်မှတ်ထားသည်။

စိုက်ပျိုးသူတောင်သူများ၊ ဆန်စက်လုပ်ငန်းများ၊သိုလှောင်ဖြန့်ဖြူးရောင်းချသူများနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြစ်စေရန် ထည့်သွင်းစဉ်းစား၍ ယခုနှစ်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ၊ ပြည်တွင်းဈေးကွက်ရှိ အခြားကုန်ဈေးနှုန်းများနှင့် ချင့်ချိန်ဆက်စပ်တွက်ချက်ထားကြောင်းလည်း ဖော်ပြထားသည်။

ဈေးကွက်အတွင်းရောင်းချမှုများတွင် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်းကွာဟမှုရှိနိုင်ပြီး SuperMarket များ၊ Mini Mart များတွင် Consumer Packaging ဖြင့် Modern Trade ရောင်းချမှုများအတွက် ဈေးနှုန်း ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း ကွာဟမှုရှိနိုင်ကြောင်းလည်း ပါရှိသည်။

ဝယ်ယူရန်အခက်အခဲရှိပါက အသင်းချုပ်ရုံးနှင့်ကုန်စည်ဒိုင်များသို ဆက်သွယ်ညှိနှိုင်းဝယ်ယူနိုင်ကြောင်းလည်း သိရသည်။ **MT**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | | (မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၅ | ကျပ် | ၂၂၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၀ | ကျပ် | ၂၃၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၄၆၅ | ကျပ် | ၂၅၁၅ | ကျပ် |
| အောက်တိန်း ၉၅ | ၂၅၇၅ | ကျပ် | ၂၆၂၅ | ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၄၆ | ၃၉၆၆၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၈၇ | ၅၄၂၂၅၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၄၆ | ၃၄၀၄၀၀ |
| FPB | ၁၆၀၀ | ၁၅၅၀ | ၅၃ | ၈၂၄၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၂၀၀ | ၄၈၀၀၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၉၆၀ | ၁၈၉၂၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၅၁၂ | ၈၇၀၄၀၀ |

ညီညီ - စုစည်းသည်

## ပြည်တက္ကသိုလ်၊ နေ့သင်တန်း (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်တက္ကသိုလ် နေ့သင်တန်း (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

၂။ **ဘွဲ့နှင်းသဘင် (၂၃-၁၂-၂၀၂၃) အစီအစဉ်**

**ပထမနေ့၊ နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ**

| ဘွဲ့အမည် | အထူးပြုဘာသာရပ် |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | - မြန်မာစာ အထူးပြုအားလုံး |
| မဟာသိပ္ပံဘွဲ့ | - ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - အင်္ဂလိပ်စာ အထူးပြုအားလုံး |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - ရူပဗေဒ အထူးပြုအားလုံး |
| ဝိဇ္ဇာဘွဲ့ | - ပထဝီဝင်၊ စိတ်ပညာ အထူးပြုအားလုံး |
| သိပ္ပံဘွဲ့ | - သင်္ချာ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး |

**ဘွဲ့နှင်းသဘင် (၂၃-၁၂-၂၀၂၃) အစီအစဉ်**

**ပထမနေ့၊ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ**

| ဘွဲ့အမည် | အထူးပြုဘာသာရပ် |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | - အင်္ဂလိပ်စာ အထူးပြုအားလုံး |
| မဟာသိပ္ပံဘွဲ့ | - ဘူမိဗေဒ အထူးပြုအားလုံး |
| မဟာဥပဒေဘွဲ့ | - ဥပဒေပညာ အထူးပြုအားလုံး |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - သမိုင်း အထူးပြုအားလုံး |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - သင်္ချာ အထူးပြုအားလုံး |
| ဝိဇ္ဇာဘွဲ့ | - အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ အထူးပြုအားလုံး |
| သိပ္ပံဘွဲ့ | - ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး |

*** ပထမနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၂၂-၁၂-၂၀၂၃) နံနက် (၉:၀၀) နာရီ**

**ဘွဲ့နှင်းသဘင် (၂၄-၁၂-၂၀၂၃) အစီအစဉ်**

**ဒုတိယနေ့၊ နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ**

| ဘွဲ့အမည် | အထူးပြုဘာသာရပ် |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | - ပထဝီဝင်၊ အရှေ့တိုင်းပညာ အထူးပြုအားလုံး |
| မဟာသိပ္ပံဘွဲ့ | - သင်္ချာ အထူးပြုအားလုံး |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး |
| စီးပွားရေးဥပဒေ ပညာဒီပလိုမာဘွဲ့ | - စီးပွားရေးဥပဒေပညာဒီပလိုမာ (DBL) |
| ဝိဇ္ဇာဘွဲ့ | - သမိုင်း အထူးပြုအားလုံး |
| သိပ္ပံဘွဲ့ | - ဘူမိဗေဒ အထူးပြုအားလုံး |
| ဥပဒေဘွဲ့ | - ဥပဒေပညာ အထူးပြုအားလုံး |

**ဘွဲ့နှင်းသဘင် (၂၄-၁၂-၂၀၂၃) အစီအစဉ်**

**ဒုတိယနေ့၊ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂:၀၀) နာရီ**

| ဘွဲ့အမည် | အထူးပြုဘာသာရပ် |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | - သမိုင်း အထူးပြုအားလုံး |
| မဟာသိပ္ပံဘွဲ့ | - ရူပဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး |
| ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | - ပထဝီဝင် အထူးပြုအားလုံး |
| သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - ဇီဝဓာတုဗေဒ အထူးပြုအားလုံး |
| ကွန်ပျူတာ ဒီပလိုမာဘွဲ့ | - ကွန်ပျူတာဒီပလိုမာ (DCS) |
| ဝိဇ္ဇာဘွဲ့ | - မြန်မာစာ၊ ဒဿနိကဗေဒ အထူးပြုအားလုံး |
| သိပ္ပံဘွဲ့ | - ရူပဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး |

*** ဒုတိယနေ့၊ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၂၂-၁၂-၂၀၂၃) မွန်းလွဲ (၂:၀၀) နာရီ**

၃။ ပြည်တက္ကသိုလ် နေ့သင်တန်း (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါသင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်-

(က) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ၂၀၂၃ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော ကွန်ပျူတာဒီပလိုမာသင်တန်း (DCS)၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ၂၀၂၃ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော ပဉ္စမနှစ် (ဥပဒေပညာ) သင်တန်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော စီးပွားရေးဥပဒေပညာဒီပလိုမာသင်တန်း (DBL)၊ စတုတ္ထနှစ်သင်တန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာဘွဲ့ သင်တန်း၊ မဟာ(ဥပဒေပညာ)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ။

၄။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်၊ အဝေးရောက်ဘွဲ့ လျှောက်ထားခြင်းမရှိသူများသည် ယခု (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင် တက်ရောက်/ အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ပြည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းတင်ပြလျက် လွန်ခဲ့သည့် (၃) လအတွင်း ရိုက်ကူးထားသော (2"x1½") ဓာတ်ပုံ (၃)ပုံ ပူးတွဲကာ ဘွဲ့တက်ရောက်လိုသူများသည် (၁၅၀၀)ကျပ် (တစ်ထောင့်ငါးရာကျပ်တိတိ)၊ အဝေးရောက်ဘွဲ့ ယူလိုသူများသည် (၁၀၀၀)ကျပ် (ကျပ်တစ်ထောင်တိတိ) ကို ပြည်တက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်း လျှောက်ထားကြရမည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို (၅-၁၂-၂၀၂၃ မှ ၁၅-၁၂-၂၀၂၃) ရက်နေ့အထိသာ လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့် ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ပြည်တက္ကသိုလ်တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ထုတ်ပေးမည်ဖြစ်ပါသည်-

**နေ့ရက်** - (၁၈-၁၂-၂၀၂၃) မှ (၁၉-၁၂-၂၀၂၃) ရက်နေ့အထိ

**အချိန်** - နံနက် (၁၀:၀၀) နာရီမှ မွန်းတည့် (၁၂:၀၀) နာရီအထိ တစ်ကြိမ်
မွန်းလွဲ (၁:၀၀) နာရီမှ ညနေ (၄:၀၀) နာရီအထိ တစ်ကြိမ်

**နေရာ** - စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ပြည်တက္ကသိုလ်

၈။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများသည် ဆံပင်အရောင်ဆေးမဆိုးရ။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်) ဖြစ်ရမည်။ (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်/ လက်စက) ဖြစ်ရမည်။ (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ လည်းကောင်း တက်ရောက်ကြရမည် ဖြစ်ပါသည်။ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး (၆) လကြာမှသာ အဝေးရောက်ဘွဲ့ လျှောက်ထားသူများနှင့်အတူ ဘွဲ့လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၀။ အခြားသိရှိလိုသော အချက်အလက်များရှိပါက စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ရုံးချိန်အတွင်း (၀၉၄၀၁၅၆၂၅၇၄) သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**လှလှမြင့်**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ပြည်တက္ကသိုလ်**

## ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခွင့် တင်ဒါခေါ်ယူခြင်း

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပမည့် ပြည်တက္ကသိုလ် (၂၁) ကြိမ်မြောက် (နေ့သင်တန်း)ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်း လျှောက်ထားလိုသူများသည် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၁၃-၁၂-၂၀၂၃ ရက်မှ ၁၈-၁၂-၂၀၂၃ ရက်အတွင်း စီမံ/ဘဏ္ဍာဌာနတွင် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ လျှောက်ထားတင်သွင်းနိုင်ပါသည်။ တင်ဒါစည်းကမ်းများကို ပြည်တက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၀၁၇၀၈၆၊ ၀၉-၄၀၂၆၉၁၈၆၇ တို့ကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးခွင့် တင်ဒါရွေးချယ်ရေးကြီးကြပ်မှုဆပ်ကော်မတီ**
**ပြည်တက္ကသိုလ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့နယ်၊ မူလွန် ဆင်ရွာ (၃)ကျောင်းမှ မူလတန်းပြ ဆရာမ ဒေါ်မြဝတ်ရည်ကျော် ၇/ဝမန(နိုင်) ၁၃၄၇၉၇ ၏ ဖခင် ဦးမောင်စိုး(ခ)ဦးမောင်မောင်စိုး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်စိုး(ခ)ဦးမောင်မောင်စိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့နယ်၊ မူလွန်ဆင်ရွာ (၃)ကျောင်းမှ မူလတန်းပြ ဆရာမ ဒေါ်ဝေဇင်ဦး ၇/ဝမန(နိုင်) ၁၃၁၇၇၀၈၏ ဖခင် ဦးလွင်(ခ) ဦးမောင်လွင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးလွင်(ခ)ဦးမောင်လွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့နယ်၊ မူလွန် ပန်းညိုစုကျောင်းမှ ဒုအလယ်တန်းပြ ဆရာမ ဒေါ်တင့်တင့်ထွန်း ၇/ဝမန(နိုင်)၁၃၉၁၉၁ ၏ ဖခင် ဦးမောင်ကျော်(ခ) ဦးတောကျော် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ကျော်(ခ)ဦးတောကျော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ကဝ)ကျောင်းမှ ဆရာမ ဒေါ်စမ်းစမ်းကြည်(ခ)ဒေါ်စန်းစန်းကြည် ၇/ကဝန(နိုင်)၀၀၈၆၅၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်းကြည် (ခ)**
**ဒေါ်စန်းစန်းကြည်**

## ဦးတင်မောင်နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (နန-၁၆)၊ ဦးပိုင်အမှတ် (၄၀)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးတင်မောင်ထံမှ ကျွန်တော် ဦးမြင့်နိုင်မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဂရန်သက်တမ်းမကုန်ဆုံးမီအချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၁၈-၁၂-၂၀၂၃ ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အားချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးတင်မောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်နိုင်(ဘ)ဦးဘရင်**
**၂၈လမ်း၊ ၇၆ x ၇၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၇၆၉၉၄၆၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ ၀.၀၆၂ ရှိ မြေကွက်အမှတ်(ပ-၃၂၂၉၇)၊ကို အမည်ပေါက် ဒေါ်ခင်လေးမူ(ဘ)ဦးမင်းထွန်းမြင့် ၉/ပမန(နိုင်) ၁၄၂၈၄၁ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးကျော်လွင်ဦး (ဘ)ဦးစိုးလွင် ၉/တကန(နိုင်) ၀၀၃၂၁၄ မှ ဒေါ်ခိုင်ခက်ခက်ဝင်း(ဘ)ဦးဇော်ဝင်း ၁၂/ဒဂန(နိုင်)၀၃၀၂၆၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၈၆/၂၀၂၁ (၂၁-၉-၂၀၂၁)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/45981, Honda Wave-MIHTA 21 ယာဉ်လက်ဝယ်ရှိသူ SINK CO.,LTD က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/52516, KAMAX-110, ယာဉ်လက်ဝယ်ရှိသူ KAMAX GROUP, MYANMAR CO.,LTD. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**




## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၀

ဒေါ်စိုးစိုးလှိုင် **တရားလို** နှင့် ဒေါ်နန်းမြလှိုင် **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၂)၊ ဦးပိုင်အမှတ်(၁၂)ရပ်နေ ဦးလိုင်းဟိန်း၏ သမီးဖြစ်သူ ဒေါ်နန်းမြလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်စိုးစိုးလှိုင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၂)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းမြလှိုင် အမည်ပေါက် ဂရန်မြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စား လှယ် ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်နှင့်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ ဦးဝင်းအောင် ၉/ကပတ(နိုင်) ၀၀၇၃၆၂ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၂-၇-၁၉၇၅ နှင့် ဖခင်အမည်မှန်မှာ ဦးခင်မောင်လေး ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကျွန်းကလေးအုပ်စု သာခုကံကျေးရွာနေ ဦးအောင်သန်း၏ သား မောင်ဝေယံဖြိုး ၇/ နတလ(နိုင်) ၁၇၂၉၂၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်MG-732234 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မောင်ဝေယံဖြိုး**
**ဖုန်း-၀၉-၆၈၅၂၄၆၈၇၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ နှင်းဆီဖြူလမ်း၊ အမှတ် ၁၅၆နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းသော်တာမျိုး ၁၂/ခရန(နိုင်) ၁၀၄၁၆၁ ၏(၂-၁၀-၂၀၂၃)ရက်စွဲပါ အခွန်တောင်းခံလွှာအမှတ်(CDN-152) မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးအောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၄၃၁၉)**
**B.A.,P.G.D.L.,D.B.L.,W.I.P.O(Switzerland)**
**အမှတ်(၃)၊ အခန်း(စီ-၆)၊သော်ကလမ်း၊(င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၅၀၈၈၇၄၂**

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့၊ စက်ပိုင်းတွင် နေထိုင်သူ မောင်ကျော်သစ္စာ (ဘ) ဦးကျော်မျိုးညွှန့် မွေးစာရင်းကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် MG206744မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၂၅၆၂၄**

## မွေးသက္ကရာဇ်အမှန်

အင်ပူမြို့နယ်၊ ထူးကြီးမြို့၊ အထက(ထူးကြီး) Grade-6 မှ မဇင်ဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၀-၂၀၁၀ ဖြစ်ပါကြောင်း။ **မဇင်ဇင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9758 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းအောင် ၁၂/သခန(နိုင်)၁၄၃၄၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ အထက (ညောင်စာရေး)၊ Grade-9 မှ မနှင်းနှင်းဝေ ၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၇/ရတန (နိုင်)၀၂၄၈၇၃ ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၇

ဒေါ်ဇင်မင်းအေး နှင့် ဦးကောင်းထက်စံ(ခ)အာနိုး

တရားလို တရားပြိုင်

ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၅)လမ်း၊ ပေါင်းလောင်း (၁)ရပ်ကွက်၊ အမှတ် (၁၄/၅၃၄)နေ ဦးကောင်းထက်စံ(ခ) အာနိုး(ဘ)ဦးမြင့်ဝေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သည့် ဒေါ်ဇင်မင်းအေးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူသည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်မြတ်အေး)
မြို့နယ်တရားသူကြီး
ပျဉ်းမနားမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊(၈)ရပ်ကွက်၊ ထီးလှိုင်ရှင်အိမ်ရာ(၄)ခန်းတွဲ(၄) ထပ်တိုက်ရှိ တိုက် ၂၁၊ အခန်း ၃၀၄၊ တတိယထပ်၊ အကျယ်အဝန်း(၁၁၅၀) စတုရန်းပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူရဲမှူးဇော်မင်းအောင် ၁၄/ကခန(နိုင်)၀၃၃၂၂၁ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသုနေဦး ၅/ဒပယ(နိုင်) ၀၆၇၃၄၃က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ သည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုခိုင်(LL.B,D.B.L, D.I.L)** — **ဒေါ်ခင်စောသိန်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉- ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ မလွကုန်းဈေးကွက်(က)ရပ်ကွက်၊ သမိန်ဗရမ်း လမ်း၊ တိုက်အမှတ်(၄၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်ရှိ တတိယထပ်(၄)လွှာ၊ တိုက်ရှေ့မျက်နှာမူလျှင် (ဝဲဘက်ခြမ်း)၊ တိုက်ခန်းအကျယ် (၁၇ပေx၆၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ရှိထားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ရဲခိုင်(ဘ)ဦးဝင်းခိုင် ၁၄/ဝခမ(နိုင်)၂၂၈၆၈၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးဟန် (LL.B)** — **ဒေါ်ဇင်မျိုးနွယ် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**(စဉ်-၈၆၁၁/၂၀-၁၂-၂၀၁၂)** — **(စဉ်-၁၈၄၅၉/၃၁-၁၀-၂၀၂၃)**

**ရုံး - တိုက်အမှတ်(၃၈၃)၊ A-2 ၊ ငမိုးရိပ်(၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ - ၂၆၁၉၉၅၄၄၅၊**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀ / တောင်(၁၃)ရပ်ကွက်၊ အရှေ့မင်းလမ်း၊ အမှတ် ၂၂၀၊ အကျယ်အဝန်း( ၃၈ပေX ၈၇ပေ)ရှိ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါအိမ်ခြံမြေမှာ ရန်ကုန်မြို့၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ နှစ်(၆၀) ဂရန်တွင် ဦးမြင့်စိုး ၁၂/သကတ(နိုင်) ၀၃၇၄၇၁ အမည်ဖြင့် တည်ရှိပြီး တရားဝင်ပိုင်ဆိုင်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်နွယ်ဝင်း ၁၂/ သကတ (နိုင်)၁၄၆၆၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထက်မြတ်စိုး LL.B** — **ဒေါ်အိအိမာ LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)** — **အထက်တန်းရှေ့နေ(စဉ်-၅၁၉၀၇)**

**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေပုဒ်မ ၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇

ဦးမိုးအောင်(၎င်း၏အခွင့်ရ နှင့် ဦးမောင်မောင်ညွန့် ကိုယ်စားလှယ်ဦးကောင်းသီဟ)

တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၅၆၀)၊ သခင်ဖိုးလှကြီးလမ်း၊ (၄၂)ရပ်ကွက်နေ တရားပြိုင် ဦးမောင်မောင်ညွန့် သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက် (၁၃၈၅ခုနှစ်၊ နတ်တော်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲမင်းထွန်း)
မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၆၃

ဒေါ်အေးအေးခိုင် နှင့် ဒေါ်တူးတူးမာ

**တရားနိုင်** **တရားရှုံး**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ ၄-လွှာ ခေါင်းရင်းအခန်း၊ တိုက်အမှတ် (၁၁၆) နေ ဒေါ်တူးတူးမာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ တရားနိုင်က ဤရုံးသို့ တရားမ အကျဉ်းထောင် ချမှတ်ပေးပါရန် လျှောက်ထားသည်ဖြစ်၍ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်၊ မွန်းတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်၊ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဌေးလွင်)
ဒုတိယခရိုင်တရားသူကြီး (၃)
မဟာအောင်မြေခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၅၆၉၅၃, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Co., Ltdက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/54519, Suzuki Smash 113, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောထက်အောင် ၇/သကန(နိုင်)၁၀၁၉၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/81891,Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/9560, ယာဉ်လက်ဝယ်ရှိသူ ဦးကိုကို ၁၀/မလမ(နိုင်)၁၀၉၇၈၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## မြန်မာဂေါက်သီးရိုက်အသင်းမှ ဝန်ထမ်းအလိုရှိပါသည်
## အထွေထွေမန်နေဂျာ ကျား (၁)ဦး

**လိုအပ်သည့်အရည်အချင်း**

၁။ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အုပ်ချုပ်ရေးပိုင်းကျွမ်းကျင်ပြီး ဝန်ထမ်းများကို အုပ်ချုပ်တတ်ရမည်။
၂။ အသက် (၄၅)နှစ်မှ အသက် (၆၀)ကြား ဦးစားပေးမည်။
၃။ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
၄။ လစာညှိနှိုင်း

လျှောက်ထားလိုပါက-ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်၊ ပညာအရည်အချင်း ထောက်ခံစာနှင့်တကွ ကိုယ်ရေးရာဇဝင်အပြည့်အစုံကို အမှတ် (၄၁၄/ဘီ)၊ ဇမိုင်၊ ပြည်လမ်း၊ မြန်မာဂေါက်သီးရိုက်အသင်းသို့ ရုံးချိန်အတွင်း ၃၁-၁၂-၂၀၂၃ရက် နောက်ဆုံးထားပြီး လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

ဖုန်း-၀၉-၄၂၀၁၆၁၉၄၁၊ ၀၉-၄၂၀၇၄၃၀၁၆

## ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းကြော်ငြာခြင်း

Yoon Yoon Agro Co.,Ltdမှ တင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ကုန်သွယ်မှု အမည်ပြောင်းလဲ သတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်-

Yoon Yoon Agro Co.,Ltd ဖုန်း-၀၉-၄၀၁၅၇၃၈၁၄

| Sr. | Old Trade Name | New Trade Name | Active Ingredients | Registration No. |
|---|---|---|---|---|
| 1. | Morniter | Internet | Epoxiconazole 5% + Pyraclostrobin 13.3%SE | P 2023-6133 |

## ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းကြော်ငြာခြင်း

Y Agro Solution Co.,Ltdမှ တင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ကုန်သွယ်မှုအမည်ပြောင်းလဲ သတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ သို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်-

Y Agro Solution Co.,Ltd ဖုန်း-၀၉-၄၀၁၅၇၃၈၁၄

| Sr. | Old Trade Name | New Trade Name | Active Ingredients | Registration No. |
|---|---|---|---|---|
| 1. | Chlazo | Kar Shin | Azoxystrobin 60g/l+ Chlorothalonil 500g/l SC | P2022-5050 |
| 2. | Cyco | Ywet Twin Shai | Cyromazine 500g/Kg SP | F2023-4143 |
| 3. | Jiujing | Darr Nat Gyi | Chlorfenapyr 240 g/l SC | P2022-5759 |

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ် (၂)ရပ်ကွက်၊ ကျန်စစ်သား (၁)လမ်း၊ အကွက်အမှတ် (၂-ရပ်ကွက်၊ မြို့မ)၊ ဦးပိုင်အမှတ် (၆၀-က)၊ ဧရိယာ (၀.၀၄၀)ဧကရှိမြေသည် ၁၅-၁၀-၂၀၁၈ရက်မှ ၁၄-၁၀-၂၀၄၈ရက်ထိ ဦးသိန်းထွန်း အမည်ဖြင့် နှစ် ၃၀ ဂရန်ရရှိထားသော မြေကွက်ကို စာချုပ်အမှတ် (၂၆/၂၀၂၃)ဖြင့် မှတ်ပုံတင်ထားသော အရောင်းအဝယ် စာချုပ်တို့ကို မြေပိုင်ဆိုင်မှုအထောက်အထားအဖြစ်တင်ပြ၍ ဦးအာကာရဲမြင့်မှ မြေငှားဂရန်အမည် ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောင်းကုန်းမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

